# ပွားများရမည့်
# မေတ္တာတရား

ချစ်ဝင်း



ဖြန့်ချိရေး

မမော်မော်
ပန်းမျိုးတစ်ရာစာပေ
တိုက် ၂၃၃၊ အခန်း ၁၄
၆ ရပ်ကွက်၊ တိုက်လေးလုံး
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ် - (၅၅၄/၉၃) (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၇၂/၉၄) (၃)

မျက်နှာဖုံးပန်းချီဒီဇိုင်း - မောင်ကျော်စိုး

ပုံနှိပ်မှတ်တမ်း - ပထမအကြိမ်
အုပ်ရေ (၁၀၀၀)
၁၉၉၄ ခုနှစ်၊ ဇွန်လ

တန်ဖိုး - (   ) ကျပ်

စာအုပ်ချုပ် - ကိုမြင့်၊ (၃၄)လမ်း။

အတွင်းသားပုံနှိပ်သူ - ဦးကျော်စိုး (၀၄၂၅၀)
စိုး အော့ဖ်ဆက်၊
၇၈(ခ)၊ ပန်းဆိုးတန်းလမ်း၊
ရန်ကုန်။

မျက်နှာဖုံးပုံနှိပ်သူ - ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်း အောဖ်ဆက်၊
၁၇၁၊ ၃၃လမ်း၊ရန်ကုန်မြို့

ထုတ်ဝေသူ - ဒေါ်မော်မော် (၀၂၀၃၇)
ပန်းမျိုးတစ်ရာစာပေ
တိုက် ၂၃၃၊ အခန်း ၁၄၊
ဖ–ရပ်ကွက်၊ တိုက်လေးလုံး
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၂၄၈၇၅

ထိပ်တန်းသို့ ရောက်လိုသော် စာစဉ် အမှတ် - ၂

စာရေးဆရာ ချစ်စံဝင်း၏ ၃၈ အုပ်မြောက် စာအုပ်

# ပွားများရမည့် မေတ္တာတရား

ချစ်စံဝင်း

ဆရာချစ်စံဝင်းသည် ၁၉၈၆ ခုနှစ် နှင့် ၁၉၉၀ ပြည့် နှစ်များတွင် ဗုဒ္ဓဘာသာ အခြေခံဖြင့် ရေးသားသော ဤခရီးနီးသလား နှင့် ဆန်ဖွပ်သည့်အဘိုးအို စာအုပ်တို့ဖြင့် အမျိုးသား စာပေဆု နှစ်ကြိမ် ရရှိခဲ့ပါသည်။

ထိပ်တန်းသို့တက်လိုသော်စာစဉ်(၁)

# ချစ်စံဝင်း

# ထားရှိရမည့် သဘောထား

ဘဝကိုရင်ဆိုင်ရာနှင့် လုပ်ငန်းအကောင်အထည် ဖော်ရာတွင် လူတိုင်း ထားရှိအပ်သော သဘောထား ATTITUDE အကြောင်း ကို ရေးသားထားပါသည်။

ထွက်ရှိပြီး ဖြစ်ပါသည်။
ပြန်လည် ရှာဖွေ ဖတ်ရှုပါရန်။



အမေနှင့် ချစ်စံဝင်း (၁၉၄၇)

အမေသည် ၁၉၉၃ ခု၊ ဇွန်လ ၁၁ ရက်နေ့က

ကွယ်လွန်ခဲ့ပါသည်။

- အမေသည် လယ်ယာ၏ အင်အားဖြစ်သည်။
- အမေသည် ညီညွတ်မှု၏ အင်္ဂါရပ်ဖြစ်သည်။
- အမေသည် စာပေ၏ မှတ်တိုင်ဖြစ်သည်။
- အမေသည် ရိုးသားမှု၏ ပြယုဂ်ဖြစ်၏။
- အမေသည် မြန်မာ့ရိုးရာစရိုက်၏ အသွင်အပြင်ဖြစ်၏။

**(အမေကောင်းရာသုဂတိလားပါစေ)**

# မာ တိ ကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပွားများရမည့်မေတ္တာတရား(ချစ်စံဝင်း) | ၉ |
| ၂။ | အကောင်းကိုရှာဖွေခြင်း | ၁၉ |
| ၃။ | မိတ်ဆွေဖြစ်မှု | ၂၉ |
| ၄။ | မျှဝေခံစားခြင်း | ၃၅ |
| ၅။ | ကျေးဇူးတရား | ၄၁ |
| ၆။ | လူမှုဆက်ဆံရေး မဆင်းရဲစေရေး | ၄၇ |
| ၇။ | နှိမ့်ချသောစိတ် | ၅၃ |
| ၈။ | တိကျစွာဆောင်ရွက်ခြင်း | ၅၉ |
| ၉။ | သဟဇာတ | ၆၅ |
| ၁၀။ | လူငယ်များ | ၇၁ |
| ၁၁။ | ကြင်နာခြင်း | ၇၇ |
| ၁၂။ | စည်းကမ်း | ၈၁ |
| ၁၃။ | အမုန်းတရား | ၈၅ |
| ၁၄။ | အားပေးချီးမြှောက်ခြင်း | ၈၉ |
| ၁၅။ | အခြားသူများအားလေးစားခြင်း | ၉၃ |
| ၁၆။ | တူညီခြင်း | ၉၇ |
| ၁၇။ | ကလေးများ | ၁၀၃ |
| ၁၈။ | လက်ထပ်ထိမ်းမြားခြင်း | ၁၀၉ |

| | | |
|---|---|---|
| ၁၉။ | မိခင်စိတ် | ၁၁၃ |
| ၂၀။ | မေတ္တာတရားပွားများပါ | ၁၁၇ |
| ၂၁။ | မေတ္တာတရား၏အခြေခံကျင့်ဝတ် | ၁၂၅ |
| ၂၂။ | ကရုဏာတရား | ၁၃၁ |
| ၂၃။ | မုဒိတာတရား | ၁၃၃ |
| ၂၄။ | ဥပေက္ခာတရား | ၁၃၇ |
| ၂၅။ | နိဂုံး | ၁၃၉ |

# မေတ္တာတရား

## LOVE

Where love is, there God is.

မေတ္တာတရားရှိသော နေရာ၌ ဘုရားရှိနေမည်။

ဘုရားတစ်ဆူကို ဖူးမြော် ဆည်းကပ်ဖို့ အခွင့်အရေးသည် အလွန်မှ ခက်ခဲ ရခဲသော အခွင့်အရေး ဖြစ်၏။ ဘဒ္ဒကမ္ဘာတွင်ပင် ဘုရား ငါးဆူသာပွင့်၍ လေးဆူသော မြတ်စွာဘုရားတို့သည် ပွင့်တော် မူပြီးဖြစ်၏။

သင်သည် ဘုရားရှင်နှင့် အတူတကွ နေလိုသူ အမှန် ဖြစ်ပါသလား။ ထိုသို့ဆိုလျှင် သင်သည် မေတ္တာတရားကို ပွားများပါ။ သင်နှင့်အတူ မြတ်စွာဘုရားသည် ထာဝရ ရှိနေမည် ဖြစ်ပါသည်။

# ပွားများရမည့် မေတ္တာတရား

ထိပ်တန်းသို့ ရောက်လိုသူတိုင်းအတွက် မရှိလျှင် မဖြစ်သော အရာတစ်ခုရှိ၏။ ထိုအရာသည် မေတ္တာတရားဖြစ်သည်။ မေတ္တာ တရားမရှိဘဲ မေတ္တာတရားမပါဘဲ မည်သူမျှ ထိပ်တန်းသို့ မရောက်နိုင်ပါ။

ထို့ကြောင့် ကြီးပွားတိုးတက်လိုသူတိုင်း ရင်ဝယ် မေတ္တာတရား မွေးမြူပွားများရမည်ဖြစ်၏။ မေတ္တာတရား မထားနိုင်ပါက မည်မျှ ပင် ကြီးကျယ် ကြွယ်ဝစေကာမူ ပျက်စီးဖို့ရန် အခြေခံတရားကို ဆုပ်ကိုင်ထားသူဟု ဆိုနိုင်၏။ ထို့ကြောင့် ကွန်တော်တို့သည် ထိပ်တန်းသို့တက်လိုသော မေတ္တာစိတ်ကို မလွှဲမသွေ မွေးမြူရ မည်ဖြစ်၏။ သူများတကာအား အမြတ်ကြီးစားမှ တစ်ဖက်လုပ်ဖော်

ကိုင်ဖက်အား အပြတ်အသတ်ချေမှုန်းမှ၊ အတွက်ကို ရောထုံးဖွဲ့ထားမှ ငါချမ်းသာမည်ဟူသော အယူအဆသည် အလွန် မှားယွင်းသော အယူအဆဖြစ်ပါ၏။ ခေတ်မမီတော့သည့် အတွေးအခေါ်လည်း ဖြစ်သည်။

အမြတ်ကြီးစားလျှင် ခဏသာစားနိုင်ပြီး မေတ္တာ စေတနာ ပါသော လုပ်ငန်းသည်သာ ရေရှည်တည်မြဲပါ၏။ ကျွန်တော်တို့ ငယ်ငယ်က ပဲခူးတွင် တစ်ခါက လက်ဖက်ရည်ဆိုင် နှစ်ဆိုင်ရှိ၏။ တစ်ဆိုင်က ဟိတ်နှင့် ဟန်နှင့် အမြတ်များများယူကာ ရောင်း၏။ အခြားတစ်ဆိုင်က ဟိတ်ဟန်ကားမရှိ။ သို့သော် မေတ္တာ စေတနာ ထား၍ သင့်တော်သောဈေးနှင့် ရောင်းပေရာ တစ်လ မကြာခင် ဘယ်ဆိုင်က ဘယ်လိုစိတ်ထားရှိသည်ကို စားသုံးသူတို့ သိရှိကာ မေတ္တာနှင့် ရောင်းသောဆိုင်သည် လူပြည့်၍ လာပါ၏။

တစ်ခါက ကျွန်တော်သည် အထည်လုပ်ငန်းရှင်နှစ်ဦးနှင့် တွေ့ဖူး၏။ နှစ်ဦးစလုံး မိတ်ဆွေများ ဖြစ်ကြ၏။ တစ်ဦးက အခြား တစ်ဦးအား အပြတ်တိုက်ပစ်မည်ဟု ဆို၏။ ကျွန်တော်က ထို ပုဂ္ဂိုလ်အား ဖျောင်းဖျသည်ကိုပင် ဂရုမပြုဘဲနေ၏။ အပြတ်တိုက် ပစ်မည်ဟူသောကြွေးကြော်သံဖြင့် ဆောင်ရွက်ရာတွင် သူ့လုပ်ငန်း သူလုပ်ဆောင်သော အထည်ဆိုင်ရှင်သည် ဘာမျှမဖြစ်ဘဲ အပြတ် တိုက်ပစ်မည်ဟု ကြွေးကြော်သံကို ကိုင်ဆောင်ထားသော သူသာ

ပြတ်သတ်ပြီး အထည်ဆိုင်ပါ ပြုတ်သွားပါ၏။ လူတို့သည် တစ်ဦးနှင့်တစ်ဦး သဘာဝတရားက သိပ်အကွာကြီးဖြစ်အောင် ဖန်တီးထားခြင်းမဟုတ်။ မိမိက ထိုသို့လုပ်ပါက သူ့တွင်လည်း ပြန်လည်ခုခံရန် နည်းလမ်းကား ရှိစမြဲဖြစ်ပါ၏။

အတ္တဆိုသောအရာမှာ မိမိတစ်ဦးတည်းတွင်သာ ရှိသောအရာမဟုတ်။ လူတိုင်းအား သဘာဝတရားကြီးက လူ့လောကကြီးအတွင်း အသက်ရှင် နေထိုင်ရန် လိုအပ်၍ ထည့်ပေးလိုက်သောပစ္စည်းဖြစ်ပေရာ မိမိ၌အတ္တရှိသလို အခြားသူများတွင်လည်း အတ္တရှိ၏။ မိမိက အတ္တကို ထုတ်၍သုံးပါက အတ္တရှိသော တစ်ဖက်လူသားကလည်း သူ့အတ္တကိုထုတ်၍ ပြန်လည် ခုခံမည်ကို သတိပြုရန်လိုအပ်ပါ၏။ အတ္တရှိသူသည် အခြား အတ္တရှိသူနှင့် ယှဉ်ပြိုင်ရပေရာ အတ္တနှစ်ခုခေါင်းချင်းဆိုင်၍တိုက်ပါက နှစ်ခုစလုံး ပျက်စီးမည်ဖြစ်ပါ၏။

ထို့ကြောင့် လောကတွင် မပျက်စီး မဆုံးရှုံးလိုပါက ကနဦးကပင် မေတ္တာထားဖို့ လိုအပ်ပါ၏။ စီးပွားရေး လုပ်ဆောင်ရာတွင် မေတ္တာအလင်းရောင်ကိုထွန်းညှိ၍ စီးပွားရှာပါက စီးပွားပို၍ဖြစ်၏။ ကျွန်တော်၏ အစ်ကိုကြီး အစ်မကြီးတို့ဖြစ်ကြသော အရီးတောင်းဦးကျော်သိန်းနှင့် ဒေါ်ကြွယ်ကြွယ်တို့သည် လက်ဖက်ရောင်းကြ၏။ လက်ဖက်အစို အခြောက် ရောင်းသူတွေ အများအပြားရှိကြ၏။

လက်ဖက်ရောင်းသူတိုင်း အရိုးတောင်းလို မအောင်မြင်ကြပါ။ ဘာကြောင့် မအောင်မြင်ကြသနည်းဟု ဆိုပါက လက်ဖက်သည် အမြောက်အမြားသည် သူတို့လက်ဖက်ကို မြည်း၍မျှပင် မကြည့်မိကြ။ ဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်သည် လက်ဖက်လုပ်ငန်းနှင့် အောင်မြင်ပြီးဖြစ်၏။ သို့သော် သူတို့သည် မနက်လေးနာရီမှထ၍ ယနေ့ မိမိ လက်ဖက်ဆိုင်သို့ အဝယ်ရောက်မည့် ဈေးဝယ်များအား မေတ္တာပို့၏။ လာရောက်လက်ဖက်ဝယ်သူတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်စေရန် အမြဲစိတ်ကူး၏။ ဦးကျော်သိန်း ဒေါ်ကြွယ်ကြွယ်သည် နောက်တစ်နေ့ ရောင်းမည့်လက်ဖက်ကို ယနေ့ည ကိုးနာရီဆယ်နာရီတိုင် မိမိတို့ကိုယ်တိုင် မြည်းစမ်း၍ မိမိတို့ စိတ်ကြိုက်စပ်ပြီး အိမ်သို့ ပြန်၏။ မိမိတို့မကြိုက်လျှင် ဝယ်သူကြိုက်စရာ အကြောင်းမရှိ။ ဝယ်သူအပေါ် လုံးဝ မေတ္တာထားကာ ဈေးရောင်းသဖြင့် အောင်မြင်၏။

ဒိုက်ဦးမြို့မှ ရွှေဒေါင်းဒေါ်ပွား ဆေးလိပ် လုပ်ငန်းသည် ကျွန်တော်နှင့် ရင်းနှီး၏။ ကိုသန်းထွန်းသည် ကျွန်တော့် ညီလို ခင်မင်သူဖြစ်၏။ ကျွန်တော့်အမေသည် ရွှေဒေါင်း ဒေါ်ပွား ဆေးလိပ်ကိုခဲရင်း သေသွားခဲ့၏။ ရွှေဒေါင်းဒေါ်ပွား ဆေးလိပ်ကို ကျွန်တော့်အမေက ဤအထိကြိုက်၏။ ဒိုက်ဦးမြို့ ရွှေဒေါင်းဒေါ်ပွား ဆေးလိပ် လုပ်ငန်းသည် အောင်မြင်သော လုပ်ငန်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့် ဒေါ်ပွား၏ ဆေးလိပ်လုပ်ငန်း အောင်မြင်သနည်းဟု

ကျွန်တော့်ကိုမေးပါက မေတ္တာကြောင့်ဟု ဖြေရမည်ဖြစ်၏။ အမေ ပွားသည် ငယ်စဉ်က ဆေးလိပ်သမတစ်ဦးသာဖြစ်၏။ အမေပွားက ဆေးလိပ် တစ်လိပ် လိပ်တိုင်း မိမိလိပ်သောဆေးလိပ်ကို သောက် သုံးမည့် မမြင်ရသေးသောသူအပေါ် မေတ္တာထား၍ တစ်လိပ်ချင်း ကောင်းအောင် လိပ်၏။ ထို့နောက် မိမိ၏ ဆေးလိပ်ခုံ ပိုင်ရှင် အပေါ် မေတ္တာထား၍လိပ်၏။ ထိုမေတ္တာတရားသည် ရောင်ပြန် ဟပ်ကာ အမေပွားသည် ဆေးလိပ်ခုံပိုင်ရှင် ဖြစ်လာ၏။ အမေပွား ဆေးလိပ်ခုံပိုင်ရှင်ဖြစ်၍ ကျွန်တော်နှင့် တွေ့သောအခါ အသက် ၇၀ ကျော်နေပြီဖြစ်၏။ သူသည် သားသမီးတို့အား ထွန်းပေါက် အောင် ပြုစုနိုင်ခဲ့၍ သားဖြစ်သူ ကိုသန်းထွန်းသည် အင်ဂျင်နီယာ တစ်ဦးဖြစ်၏။ သို့သော် အမေပွား၏ ဆေးလိပ်လုပ်ငန်းကို အမွေ ခံ၏။ ကျွန်တော်တို့ ဒိုက်ဦးရောက်သော် အသက် ၇၀ ကျော်နေ ပြီဖြစ်သော အမေပွားသည် မိမိဆေးလိပ်ကို သောက်သုံးသောသူ စိတ်ကျေနပ်မှုရှိစေရန် ဆေးစပ်ကို ကိုယ်တိုင် မြည်းပြီး ကျေနပ်မှ လွှတ်၏။ မိမိကိုယ်တိုင် မမြည်းဘဲ၊ ဘယ်ဆေးစပ်ကိုမှ ဆေးလိပ် မဖြစ်စေဘဲ သေသည်အထိ ဆေးစပ်ကို ကိုယ်တိုင် မြည်းကာ သောက်သုံးသူအပေါ် မေတ္တာထားသော အမေပွား၏ စိတ်သဘော ထားသည် ရွှေဒေါင်းဒေါ်ပွား ဆေးလိပ် လုပ်ငန်းကို ယနေ့တိုင် အောင်မြင်မှု ရစေခဲ့ပါ၏။

မြတ်စွာဘုရားသည် မိမိ၏ အောင်ပွဲများကို မေတ္တာတရားနှင့်သာအနိုင်ယူခဲ့၏။ လက်နက်နှင့် ဒေါသနှင့် မာန်မာန အတ္တတို့ဖြင့် အနိုင်ယူခဲ့ခြင်းမဟုတ်။ ဗုဒ္ဓဝါဒသည် တရားမျှတမှုနှင့် မေတ္တာဝါဒသာလျှင်ဖြစ်၏။ မြတ်စွာဘုရား ဖြည့်ဆည်းခဲ့သော ပါရမီဆယ်ပါးတွင် မေတ္တာ ပါရမီသည် အရေးကြီးသော ပါရမီ တစ်ရပ်ဖြစ်ပါသည်။

မေတ္တာဟူသော အရာသည်ကား အခြားမဟုတ်။ သူတစ်ပါး၏ အကျိုးစီးပွားကိုလိုလားတောင့်တခြင်းဖြစ်၏။ သို့သော်တွယ်ကပ်ငြိခြင်းမရှိ။ မိမိနှင့်အတူ နေရသည်ဖြစ်စေ၊ ကွဲကွာနေသည်ဖြစ်စေ ထိုသူ၏ အကျိုးစီးပွားကို အမြဲလိုလားတောင့်တနေ၏။ ထိုသူနှင့် အတူ မနေရသည့်အတွက်လည်း ခက်ခဲဝန်လေးခြင်းမရှိ။ စီးပွားချမ်းသာဖြစ်နေသည်ဟု သိရလျှင် စိတ်ထဲ၌ ကျေနပ်နေခြင်းသည် မေတ္တာဖြစ်ပါ၏။

မိခင်သည် တစ်ဦးတည်သောသားအတွက် မိမိ အသက်ကိုပင် ငဲ့ကွက်ခြင်း မရှိဘဲ စောင့်ရှောက်သကဲ့သို့ မိမိသည် သတ္တဝါဟူသမျှအား အမှန်တကယ် ချမ်းသာစေလိုသော စိတ်ထားရှိခြင်းသည် မေတ္တာပင်ဖြစ်၏။ တစ်ပါးသူအား ချစ်ခင်မြတ်နိုး အကျိုးလိုလားသောစိတ်ကို အဖန်ဖန် အထပ်ထပ် ဖြစ်စေခြင်းသည် မေတ္တာတရား ပွားများခြင်း ဖြစ်ပါ၏။

မေတ္တာကို ချစ်ခြင်းဟု မြန်မာ ပြန်ဆိုကြပါ၏။ ထို့ကြောင့် မေတ္တာသည် တဏှာပေမ သားချစ် မယားချစ် ဆွေမျိုးချစ် စသော သံယောဇဉ်မကင်းသောအချစ်များနှင့် ရောထွေးတတ်ပါ၏။ တကယ့်မေတ္တာသည် သံယောဇဉ်ကင်း၏။ သံယောဇဉ် ငြိတွယ်နေသောအချစ်များသည် မေတ္တာစစ်မဟုတ်။ သားချစ် မယားချစ်တို့သည် အိမ်တွင်းချစ်များဖြစ်၍ မေတ္တာစစ်မဟုတ်။ မေတ္တာအတုများဖြစ်၏။ မခွဲနိုင်မခွာရက် သံယောဇဉ်ဖြစ်ရသော အချစ်သည် တဏှာချစ် ဖြစ်၏။ သံယောဇဉ်တွယ်တာ ငြိကပ်မှုမပါဘဲ အကျိုးစီးပွားလိုလားသော သဘောသည်သာလျှင် မေတ္တာအစစ်ဖြစ်ပါ၏။

ထိုမေတ္တာစစ်ကို ရင်တွင် ပွားများ၍ ထိပ်တန်းသို့ တက်ကြရမည်ဖြစ်၏။ ထိုမေတ္တာစစ်ကို မပွားများနိုင်ဘဲ ထိပ်တန်းသို့ တက်သော် ရောက်ဖို့ရန် ခဲယဉ်း၍ ရောက်သည်ရှိသော်လည်း အရှည် မြဲမြံမှု မရှိတတ်။ မေတ္တာတရား ရင်တွင်း၌ ကိန်းအောင်း ပွားများမှုသည် အောင်မြင်ရေး လမ်းကြောင်းကို ဖြစ်ပေါ်စေပါ၏။ မေတ္တာတရားသည် အခြားအရာများကို မဆိုထားဘိ၊ ရျာန်သမာပတ်ကိုပင် ဖြစ်ပေါ်စေနိုင်ပါ၏။

ထိပ်တန်းသို့ တက်ရာတွင် မေတ္တာတရားသည် အလွန်မှ အရေးကြီးပါ၏။ ကျမ်းဂန်တို့တွင် မေတ္တာတရားနှင့် ပတ်သက်၍

အကျိုးတရား ၁၁-ပါးကို ဖော်ပြထား၏။ ယင်းတို့မှာ မေတ္တာတရား ရင်ဝယ် သိမ်းဆည်းထားနိုင်သူသည်-

၁။ ချမ်းသာစွာ အိပ်ပျော်၏။

၂။ ချမ်းသာစွာ အိပ်ရာမှနိုး၏။

၃။ အိပ်မက်ဆိုး မြင်မက်ခြင်းမရှိ။

၄။ လူအများက ချစ်ခင်၏။

၅။ နတ်များက ချစ်ခင်၏။

၆။ နတ်တို့က စောင့်ရှောက်၏။

၇။ မီးမလောင်၊ အဆိပ်မသင့်၊ လက်နက်မထိတတ်။

၈။ သမာဓိ ရလွယ်၏။

၉။ ကြည်လင်၍ ကျက်သရေ ရှိ၏။

၁၀။ မတွေမဝေဘဲ ရှိ၏။

၁၁။ ဗြဟ္မာ့ဘုံတွင် ဖြစ်ရ၏။

ထို့ကြောင့် မေတ္တာတရား၏ အကျိုး ၁၁-ပါးအား လေ့လာသော် မိမိကိုယ်တိုင် ချမ်းသာမှု၊ တန်ခိုးရှိသူတို့၏ စောင့်ရှောက်မှု၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လောကီ ချမ်းသာကိုအပထား ဗြဟ္မာ့

ဘုံတွင်ပင်ဖြစ်နိုင်ပေရာ ထိပ်တန်းသို့တက်လိုသူတိုင်းသည် မေတ္တာတရားကို စွဲမြဲစွာ ကိုင်ဆောင်ပြီး မေတ္တာကို ထာဝစဉ် ပွားများရန် လိုအပ်ပါ၍ ဤစာအုပ်တွင် ကျွန်တော်တို့ နေ့စဉ် ကြုံတွေ့ရသော ကိစ္စများကို မေတ္တာဖြင့် ချဉ်းကပ် တင်ပြလိုပါ၏။

ဤစာအုပ်ပါ ရေးသားချက်များသည် ထိပ်တန်းသို့ ရောက်ခဲ့သော ပုဂ္ဂိုလ်ကြီးများ၏ ကိုယ်တွေ့ ဖြစ်ရပ်များ ပါသလို ဗုဒ္ဓ၏ အဆုံးအမများကို အခြေခံ၍ တင်ပြထားမှုလည်း ဖြစ်ပါသည်။ တစ်နေ့တွင် အကြောင်းအရာတစ်ခုကိုသာဖတ်၍ ထို အကြောင်းအရာကို လက်တွေ့ကျင့်သုံးကြည့်ပါ။ ဤစာအုပ်ပါ အကြောင်းအရာများအားလုံးကို လက်တွေ့ကျင့်သုံး၍ မကုန်ဆုံးမီ သင့်အား ထိပ်တန်းတစ်နေရာတွင် တွေ့ရမည်ဖြစ်ပါသည်။

**ချစ် စံ ဝင်း**

## ၁။ အကောင်းကို ရှာဖွေခြင်း

မေတ္တာစိတ်ထားရှိနိုင်ရန် အကောင်းကို ရှာဖွေနိုင်ရမည်ဖြစ်၏။ အကောင်းကို ရှာဖွေနိုင်မှုသည် မကောင်းတာကို မတွေ့မမြင်ခြင်း ဖြစ်၏။ အကောင်းကို ရှာပါက အကောင်းကိုသာ တွေ့မြင်နိုင်မည်ဖြစ်၏။ ထို့ကြောင့် လူ့ဘဝ ဖြစ်ရပ်များတွင် မကောင်းမှုထက် အကောင်းများကို ရှာဖွေနိုင်လေ အကျိုးရှိလေ ဖြစ်ပါ၏။

ကျွန်တော့်တွင် မော်တော်ကား တစ်စီးရှိပါ၏။ ကားတိုက်မှု တစ်ခါဖြစ်တိုင်း ယာဉ်မောင်း အသစ်တစ်ယောက် ပြောင်းခဲ့ရာ ယာဉ်မောင်းများလည်း အကြိမ်ကြိမ်ပြောင်းခဲ့၍ ကားလည်း ဒဏ်ရာ ဒဏ်ချက်အတော်များခဲ့ပြီဖြစ်ပါ၏။ တစ်နေ့တွင် ထပ်မံ၍ ကားတိုက် မှုဖြစ်ပွားရာ ကျွန်တော်သည် နည်းစနစ်အသစ်တစ်ခုကို ပြောင်းလဲ

ကျင့်သုံးမည်ဟုစဉ်းစားကာ ကားတိုက်လျှင် တိုက်ချင်း ကားပွန်းပဲ့ ချိုင့်ဝင်သွားသည်ကိုဂရုမစိုက်ဘဲ ယာဉ်မောင်းအား "အင်း၊ ခင်ဗျား နည်းနည်း လက်ဦးသွားလို့ပဲဗျာ၊ ဒါမှမဟုတ်ရင် အတော်နာမှာ၊ တစ်ဖက်ကားသမားဟာ အတော်လေးရမ်းကားတာပဲ" ဟု တကယ့် စိတ်မှ ပြောကြားလိုက်ပါ၏။ အမှန်တော့ ယခု ယာဉ်တိုက်မှုတွင် ကျွန်တော့် ယာဉ်မောင်း၏ ပေါ့လျော့မှုသည် အဓိကဖြစ်၏။

သို့သော် ယင်းကိစ္စကို အကျယ်ချဲ့မနေတော့ဘဲ ထားခဲ့ရာ အကျိုးကျေးဇူး အတော်ရှိကြောင်း တွေ့ခဲ့ရပါ၏။ ကျွန်တော့်ဇနီး ကမူ ကျွန်တော်၏ အပြုအမူကို အံ့အားသင့်စွာဖြင့် အခုဂိစ္စမှာ ဒရိုင်ဘာရဲ့ အပြုအမူဟာ ဘယ်လောက်လွန်တယ်ဆိုတာရော သတိ ပြုမိရဲ့လားဟု ဆိုပါ၏။ ကျွန်ုတော်က ဘာမှ မပြောဘဲနေရာ ယာဉ်မောင်းသည် ယာဉ်တိုက်မှုကိစ္စအားလုံးကို သူ့ဟာသူ လိုက်လံ ဖြေရှင်းပါ၏။ ထို့နောက် ယာဉ်ကို အကောင်းဆုံးဖြစ်အောင် ပြင် ဆင်ခဲ့ပြီး ထိုယာဉ်မောင်းသည် ကျွန်တော့်ထံတွင် အချိန်အကြာဆုံး မောင်းသွားခဲ့ပါ၏။ သူ့သမီးဖြစ်သူ အိမ်ထောင်ကျ၍ တစ်ရပ်တစ်ကျေး သို့ပြောင်းရသောအခါမှသာ အိမ်မှထွက်သွား၍ ထိုယာဉ်မောင်းနှင့် ကျွန်တော်တို့သည် ယခုတိုင် မေတ္တာမပျက်ကြဘဲ ကျွန်တော်၏ သားများကို ကောင်းစွာ စောင့်ရှောက်ခဲ့ပါ၏။

တကယ်တော့ ယာဉ်တိုက်မှု တစ်ခါဖြစ်တိုင်း မိမိယာဉ်မောင်း အား အပြစ်တင်ခဲ့ရာ ထိုယာဉ်မောင်းသည် ချက်ချင်း အလုပ်မှ

ထွက်သွားပြီး ယာဉ်တိုက်မှုကိစ္စ၊ ယာဉ်ပြင်ဆင်သည့်ကိစ္စများကို ကိုယ်တိုင် ဆောင်ရွက်ရကာ ယာဉ်မောင်းအသစ် ရှာဖွေရ၊ ထို ယာဉ်မောင်းအသစ်နှင့် ဆက်ဆံမှုလမ်းကြောင်း ရှာဖွေရခြင်းဒုက္ခ အတော်မှ များပါ၏။

ယခု တစ်ကြိမ်တွင်မူ ကျွန်တော့်ယာဉ်မောင်းက တစ်ဖက် ယာဉ်နှင့် ရင်ဆိုင်တွေ့ရာတွင် သူ၏ အားထုတ်မှုလေးကို အသိ အမှတ်ပြုလိုက်ရုံဖြင့် ကျွန်တော်သည် ကျွန်တော့်အိမ်တွင် သက်တမ်း အရှည်ဆုံးနှင့် သစ္စာအရှိဆုံး ယာဉ်မောင်းတစ်ဦးကို ရခဲ့ပါ၏။

တကယ်တော့ ဤနည်းသည် နည်းလမ်းသစ်တစ်ရပ်မဟုတ်ပါ။ နည်းလမ်းဟောင်းကြီးဖြစ်၍ အောင်ပွဲရပုဂ္ဂိုလ်ကြီးများ ဖန်တစ်ရာ တေအောင် သုံးခဲ့သော နည်းဖြစ်ပါ၏။

ဤနည်းသည် ဤကမ္ဘာကြီးအား အလင်းရောင် ပေးခဲ့ပြီး လည်း ဖြစ်ပါ၏။ တစ်ချိန်က နယူးယောက်မြို့ကြီးသည် ရေနံဆီ မီးခွက်လေးများနှင့်သာ နေရ၍ လျှပ်စစ်အလင်းရောင် မရှိသေးပါ။ ထ်ဆင်သည် လျှပ်စစ်အလင်းရောင်ကို ဖော်ထုတ်နေချိန်ဖြစ်ပါ၏။ သူသည် လျှပ်စစ်မီးသီးအတွင်းရှိ အဖိုအမဝါယာနှစ်ချောင်းကို မီးကျွမ်း ထားသော အပ်ချည်ကြိုးလေးဖြင့်ဆက်၍၊ လျှပ်စစ် လွှတ်ကြည့် ပါက မီးလင်းလာတော့မည်ဖြစ်ရာ မီးကျွမ်းထားသော အပ်ချည်ကြိုး

၂၇၆၄၅

စလေးကို အဖိုအမ ဝါယာနှစ်ချောင်းပေါ်တင်ဖို့ကိစ္စသည် အတော် ဂရုစိုက်ရမည့် ကိစ္စဖြစ်၏။

ထို့ကြောင့် အယ်ဒီဆင် Edison က ထိုကိစ္စကို ဆောင် ရွက်ရန် တပည့်တစ်ဦးကိုရွေးလိုက်၏။ သူ့အား မီးကျွမ်းထားသော အပ်ချည်ကြိုးလေးကို အဖိုအမဝါယာကြိုးနှင့် ဆက်စေ၏။ ဤကိစ္စ သည် ကမ္ဘာလောကကြီး ယခုကဲ့သို့ လျှပ်စစ်မီးရောင်များ ထိန် ထိန်လင်းနေရမှု၊ မနေရမှုနှင့် ဆက်နေရာ အလွန်မှအရေးကြီးသော ကိစ္စဖြစ်၏။ အယ်ဒီဆင် ရွေးချယ်ထားသော တပည့်သည် အလွန် နူးညံ့သော မီးကျွမ်းထားသည့် အပ်ချည်ကြိုးစကို အဖိုအမ ဝါယာ နှစ်စပေါ်သို့ သတိရှိစွာဖြင့် တင်၏။ အားလုံးက အသက် မရှူဘဲ စောင့်ကြည့်နေကြ၏။ ဤကိစ္စသည် လျှပ်စစ်မီး ရရေးအတွက် နှစ်ပေါင်းများစွာ အယ်ဒီဆင် ကြိုးစားလာမှု၏ နောက်ဆုံးအဆင့် လည်းဖြစ်၏။ တပည့်ဖြစ်သူသည် ကြိုးစား၍ ပြုလုပ်၏။ သို့သော် သူသည် အသက်ရှူ တစ်ချက်မှားသွားသဖြင့် မီးကျွမ်းထားသော ကြိုးစလေးကြွေသွားကာ ဤကမ္ဘာမြေကြီးသည် လျှပ်စစ်အလင်း ရောင်နှင့် ဝေးသွားရတော့၏။

သို့သော် ထိုကြိုးပမ်းမှုကို အယ်ဒီဆင်နှင့်အဖွဲ့သည် ထပ်၍ ဆောင်ရွက်ကြပြန်၏။ ဒုတိယအကြိမ်ကြိုးပမ်းရာတွင် မီးကျွမ်းထား သော အပ်ချည်စကို ဘယ်သူတင်မလဲဟူသောကိစ္စ ပေါ်ပေါက်

လာ၏။ ပထမကြိုးပမ်းသူ မအောင်မြင်ဖြစ်ပေရာ အခြား အတော်သေချာသော လူတစ်ယောက်ကို ရွေးမှုဖြစ်မည်ဟု အားလုံးက ယုံကြည်ထားကြ၏။ သို့သော် အယ်ဒီဆင်သည် ဒုတိယအကြိမ်ကြိုးပမ်းရာတွင် အခြားသူတစ်ဦးကို ထပ်မံမရွေးဘဲ ပထမအကြိမ်က မအောင်မြင်ခဲ့သော တပည့်ကိုပင် ထပ်မံ ဆောင်ရွက်ရန် ခွင့်ပြုလိုက်၏။

ထိုတပည့်မှာ ပထမအကြိမ် ဆုံးရှုံးမှုအတွက် ဝမ်းနည်းနေရှာသာမက ကမ္ဘာကြီးအလင်းရောင် ရဖို့အရေးတွင် မိမိ ပါဝင်ခွင့်ရရှိတော့မည်လုံးဝဟုတ်တော့ဟု ယုံကြည်နေချိန်တွင်မှ အယ်ဒီဆင်က သူ့ကိုပင် ထပ်မံ ရွေးလိုက်သည်ဟုဆိုသောအခါ ယင်းတပည့်သည် မိမိ၏ ဒုတိယ အခွင့်အရေးကို လက်မလွှတ်ဘဲ သတိကြီးစွာဖြင့် ဆောင်ရွက်၏။

ဒုတိယအကြိမ်တွင် အောင်မြင်သွားသည်။ တစ်ကမ္ဘာလုံးတွင် လျှပ်စစ်မီးရောင် ထွန်းလင်းလာခဲ့ပါ၏။

ဤနည်းကို တီထွင် ပါရဂူကြီး အယ်ဒီဆင်သာမက အားကစား နည်းပြဆရာ ဒင်းကရွန်းဝဲလ် Dean Cromwell လည်း အသုံးပြုခဲ့ဖူးပါ၏။ ဒင်းကရွန်းဝဲလ်သည် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း တက္ကသိုလ်တွင် ၃၉ နှစ်ကြာ အားကစားနည်းပြဆရာ လုပ်ခဲ့ပါ၏။ ထိုကာလအတွင်း အမျိုးသား ချန်ပီယံအဆင့် အားကစားသမား ၂၁ ဦးကို မွေးထုတ်ပေးခဲ့၏။ ထိုအထဲ

တွင် ကမ္ဘာ့စံချိန်ချိုးသည့် သုံးဦးပါဝင်၍ အိုလံပစ် ရွှေတံဆိပ်ရသူ ဒါဇင်ပေါင်းများစွာ ရှိခဲ့၏။

တစ်နှစ်တွင် ပစိဖိတ်ကမ်းခြေ အပြေးချန်ပီယံ ဗိုလ်လုပွဲကြီး တွင် ကရွှန်းဝဲလ်အသင်းလည်း လက်ဆင့်ကမ်းပြေးပွဲ၌ ပါဝင်ယှဉ် ပြိုင်ခွင့်ရခဲ့၏။ သို့သော် ထိုစဉ်က လက်ဆင့်ကမ်းပြေးရမည့် အပြေး သမား လေးဦးစလုံးသည် တစ်ဦးစီ ယှဉ်ပြိုင်ပွဲတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသူများ ဖြစ်ရုံသာမက ပင်ပန်းနေသူများဖြစ်၏။

ဒင်းကရွှန်းဝဲလ်သည် တကယ်တော့ အားပေးတတ်သူတစ်ဦး ဖြစ်၏။ သူသည် လူတစ်ယောက်၏ စွမ်းအားကို အထူးပြုလေ့လာ တတ်သူဖြစ်၏။ ကောင်းကွက်ကို ရှာဖွေတတ်သူတစ်ဦး ဖြစ်၏။

ထိုအချိန်တွင် ဒင်းကရွှန်းဝဲလ်က အရှုံးရထားသော အပြေး သမား လေးဦးစလုံးကို သူကိုယ်တိုင် လက်ဆင့်ကမ်း ပြေးရမည့် အပြေးလမ်းကြောင်းအနီးသို့ ခေါ်ယူလိုက်ပါ၏။ ကရွှန်းဝဲလ်သည် အပြေးသမား လေးဦးစလုံး၏ကောင်းကွက်များကို အပြုသဘောဖြင့် ရှာဖွေရန် ဆုံးဖြတ်ထား၏။ အမှန်လည်း ထိုလေးဦးစလုံးတွင် ကောင်းကွက်များ ရှိ၏။

ကရွှန်းဝဲလ်က ပထမ ပြေးမည့်လူငယ်ကို "မင်းဟာ အလွန် သန်မာကြံ့ခိုင်တဲ့ အပြေးသမားပဲ၊ ဘယ်အပြေးသမားကိုမဆို မင်းရဲ့

ကြံခိုင်မှုဟာ ကျော်လွှန်နိုင်တယ်ဆိုတာ သတိရှိဖို့ပဲ လိုပါတယ်"ဟု ဆိုခဲ့၏။

ဒုတိယလှူငယ်သည် တန်းခုန်အပြေးသမားဖြစ်၏။ "ကိုယ့်လူက တန်းခုန်ပြီးတောင်ပြေးနိုင်တာပဲ၊ လက်ဆင့်ကမ်းပြေးပွဲဆိုတာ တန်း မခုန်ဘဲ ပြေးရမှာ၊ မင်းအတွက် အလွယ်ကူဆုံးပြေးနည်းပဲ"ဟုဆို၏။

တတိယ အပြေးသမားလှူငယ်သည် မိုင်ဝက် အပြေးသမား ဖြစ်ရာ "ငါ့ညီက မိုင်ဝက် လေ့ကျင့်ထားတာ အခုပြေးရမှာက တစ်မိုင်ရဲ့ ဆယ်ပုံတစ်ပုံပဲရှိတော့ ငါ့ညီမောတောင်မောလိုက်ရမှာ မဟုတ်ဘူး"ဟု ကရွှန်းဝဲလ်က **အလေးအနက်ထားကာ** ဂရုတစိုက် ဆို၏။

စတုတ္ထလူငယ်အား ကရွှန်းဝဲလ်က "ကဲ ငါ့ညီက အကောင်း ဆုံး အပြေးသမားဆိုတာ ပြောဖို့ မလိုပါဘူး။ ပူးတွဲပြီးလုပ်ရမယ့် ဒီပွဲမှာ မင်းရဲ့ ချန်ပီယံအရည်အချင်းကို အကြောင်းပြဖို့ပဲ လိုတာပါ" ဟု ပြောခဲ့၏။

ကရွှန်းဝဲလ်သည် အပြေးသမားလေးဦးတွင် ဘာတွေ ချွတ် ယွင်းနေတယ်။ ဘယ်လိုပြေးဖို့ကောင်းတယ် စသည်ဖြင့် တစ်ခွန်း တစ်ပါဒမှ မပြောဘဲ ကောင်းသည့် အရည်အချင်းများကိုသာ ရွေး

ပြောခဲ့၏။ ထိုပွဲတွင် ကစွန်းဝဲလ်၏အသင်းသည် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့၏။

အားပေး အားမြှောက်ပြုခြင်းသည် ဝေဖန်ခြင်းထက် ပို၍ စွမ်းအားရှိပါသည်။ ကစွန်းဝဲလ်က "အောင်ပွဲအတွက် ကောင်းကွက်ကို ရှာတတ်ပါစေ" ဟု အမြဲပြောတတ်၏။ ကောင်းကွက်ကို ရှာခြင်း သည် မေတ္တာတရား၏ အလုပ်တစ်ခု ဖြစ်၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် အခြားသူများ၏ ကောင်းကွက်ကိုရှာပြီး ရိုးသား ဖြူစင်စွာ နှုတ်မှ ဖွင့်ဟ ချီးကျူးပါမည်။

၂။ ယနေ့ ငါသည် ဦး/ဒေါ် ---------------၏ ကောင်းကွက်ကိုရှာပြီး သူ/သူမအား နှုတ်မှ ဖွင့်ဟ ချီးကျူးမည်။

၃။ ယနေ့မှစ၍ ငါသည် -------------------------
----------------------------------------
----------------------------------------
----------------------------------------။

လူအများ၌ရှိသော စွမ်းအားကိုရှာပါ။ အားပျော့ချက်ကို မရှာပါနှင့်။ ကောင်းကွက်ကိုရှာပါ။ ဆိုးကွက်ကို မရှာပါနှင့်။ လူအားလုံး ကိုယ်ရှာသည်ကိုသာ ကိုယ်တွေ့တတ်ကြပါသည်။

ဂျေ ဝီလ်ဘာ ချက်ပမင်း

J.Wilbur Chapman

## ၂၈။ မိတ်ဆွေဖြစ်မှု

ကျွန်တော်သည် အလုပ်ကို ကြိုးစား လုပ်ကိုင်တတ်သူတစ်ဦး ဖြစ်ပါ၏။ သို့သော် အလုပ်ကိုသာကြိုးစားပြီး အလုပ်နှင့်ပါလာသူ လူပုဂ္ဂိုလ်တို့အား သတိမမူသောကြောင့် ဝီရိယရှိသလောက် အကျိုး မခံစားရဘဲ ကိစ္စများစွာတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရပါ၏။ ထိုကိစ္စကို ကျွန်တော်သိရချိန်တွင် ကျွန်တော်လည်း အသက် ၅၀ ကျော်နေပြီ ဖြစ်၏။ အလုပ်သည် အရေးကြီးသလို အလုပ်နှင့် အတူပါလာသူ များသည်လည်း အလွန် အရေးကြီးကြောင်း ကျွန်တော့် ဘဝတွင် အချိန်နှောင်းမှ သိခဲ့ရ၏။

အမေရိကန်ပြည် မစ်ဆူရီပြည်နယ် ဆာဗာနာမြို့မှ မစ္စတာ လိုဝဲလ်ဒေးဗစ် Lowell David ဆိုသူကား ယင်းကိစ္စ အရေးကြီးကြောင်း သုံးနှစ်အရွယ်မှစ၍ သိရှိခဲ့သူဖြစ်၏။ မစ္စတာလိုဝဲလ်သည် ယခုအခါ အသက် ၈၃ နှစ်ရှိပြီဖြစ်၏။ သူသည် သင်နှင့် တစ်ကြိမ် တွေ့ဖူးရုံမျှနှင့် သင့်အား တစ်သက်လုံး မှတ်မိနေ၏။ အဘယ်ကြောင့်ဆိုသော် သူသည်တစ်ကြိမ်သိလျှင်ပင် ထိုသိသော သူ၏အမည်နှင့်အကြောင်းအရာကို သူက စာဖြင့်ရေး၍ မှတ်သားထားလိုက်၏။ ထိုသို့မှတ်သားမှုကို သူသည် အသက်သုံးနှစ်အရွယ်မှ စတင်ခဲ့၏။ မှတ်သားရာတွင် ဥပမာအားဖြင့် ဆိုရသော် ဦးစိုးမြင့် ပဲခူးတွင်သိရသည်။ ဦးဘခင်က မိတ်ဆက်ပေးသည်။ သနပ်ပင်သား ဖြစ်သည်။ အရပ် ၅ ပေလောက်သာရှိ၍ ကြက်သားကာလသားချက် ကြိုက်သည် စသည်ဖြင့် စာဖြင့်မှတ်သားထား၏။

မစ္စတာလိုဝဲလ်၏ ဘဝတစ်လျှောက်တွင် လူပေါင်း ၃၄၈၇ ဦး ကို ထိုသို့ မှတ်သားထားပါ၏။ ထိုသို့ မှတ်သားထားသော စာမျက်နှာပေါင်းသည် ၆၉ မျက်နှာရှိ၏။ ထို့ကြောင့် အသက် သုံးနှစ်အရွယ်က လိုဝဲလ်သည် မှတ်တမ်းကို ပြုလုပ်ခဲ့သောကြောင့် သူ့မှတ်တမ်း ကာလသည် ရက်ပေါင်း ၂၉၂၀၀ ကြာမြင့်ခဲ့ရာ လိုဝဲလ်သည် ရက် ၈ ဒသမ ၃၇ ရက် ကြာတိုင်း မိတ်ဆွေ တစ်ဦးကို မှတ်တမ်းတင်နိုင်ခဲ့သူဖြစ်၏။

ယင်းကိစ္စနှင့် ပတ်သက်၍ ပုဂ္ဂိုလ်တစ်ဦးက မစ္စတာလိုဝဲလ်သည် လူပေါင်း ၃၄၈၇ ဦး၏ ဆန္ဒများကို ဖြည့်ဆည်းခဲ့သူဟု ဆိုပါ၏။ အဘယ်ကြောင့်ဆိုသော် လူများသည် သူတို့အကြောင်းကို အမြဲမှတ်သားထားစေလိုသော ဆန္ဒရှိကြ၏။ ထိုဆန္ဒကို လိုဝဲလ်က ဖြည့်ပေးနိုင်ခဲ့ပါ၏။ ထို့အပြင် လိုဝဲလ်အား အကျိုးပြုသောလုပ်ရပ်တစ်ခုကို ၂၉၂၀၀ ရက်မျှ ပြုလုပ်ခဲ့သူဟုလည်း ဆိုကြပါ၏။ အဘယ်ကြောင့်ဆိုသော် မစ္စတာလိုဝဲလ်သည် အခြားသာမန်ပုဂ္ဂိုလ်များထက် ၉၉ ရာခိုင်နှုန်း မိတ်ဆွေ ပိုများသောသူ ဖြစ်နေပါ၏။ သူ မိတ်ဆွေများရခြင်း၏ အကြောင်းမှာ သူသည် အခြားသူများအား စိတ်ဝင်စားစွာ မှတ်သားထားခြင်းကြောင့် အခြားသူများကလည်း သူ့အား စိတ်ဝင်စားစွာ ပြန်၍ မှတ်သားထားခြင်းဖြင့် သူသည် မိတ်ဆွေ ပေါလာရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည် အတ္တရှိသူများ ဖြစ်ကြ၏။ လွတ်လပ်စွာနေလိုသူလည်းဖြစ်၏။ သို့သော် ကျွန်တော်တို့သည် လူ့အဖွဲ့အစည်းတစ်ခုအတွင်း မလွှဲမရှောင်သာ အတ္တရှိသူအချင်းချင်း အတူနေကြရ၏။ စုပေါင်း နေထိုင်ကြရ၏။ စုပေါင်း မနေ၍ မရ။ လူသားတို့၏ ဖွဲ့စည်းမှုသည် အပြန်အလှန် ဆက်သွယ်ရေးကို အခြေစိုက်ထား၏။ ကျွန်တော်က စာအုပ် ထုတ်ဝေမှုပြု၏။ ထို့အတွက် ကျွန်တော်သည် စာဖတ်ပရိသတ်နှင့်သာ ဆက်သွယ်မည်ဟူ၍ ပြုမူဆောင်ရွက်၍မရ၊ ကျွန်တော်သည် ဆံပင်ညှပ်သူ၊ သတင်းစာပို့သူ၊

မော်တော်ကားမောင်းသူ၊ ဈေးရောင်းသူ၊ ရဟန်းသံဃာ၊ ဝန်ထမ်း အစရှိသူတို့နှင့်လည်း မလွဲမရှောင်သာဆက်ဆံကြရ၏။ ထို့ကြောင့် တစ်ဦးတည်း နေ၍မရသော ဤလူ့အဖွဲ့အစည်းတွင် မိတ်ဆွေဖြစ်မှု သည် အထူးလိုအပ်၏။ မိတ်ဆွေဖြစ်မှုဆိုသည် အပြန်အလှန် အသိအမှတ်ပြုမှု၊ အပြန်အလှန် စိတ်ဝင်စားမှု၊ အပြန်အလှန် မေတ္တာ ထားမှုပင် ဖြစ်ရာ မေတ္တာတရားကို စင်ကြယ်စွာထားနိုင်မှုသည် ခိုင်မာသော မိတ်ဆွေကို ရရှိ၏။

လူ့ဘဝသည် မှန်ကဲ့သို့ပင် ကိုယ်က မဲ့ပြပါက သူကလည်း မဲ့ပြမည်ဖြစ်ရာ "သင် ကျွန်ုပ်ပေါ်ကောင်းလျှင် ကျွန်ုပ်သည် သင့် အပေါ်မဆိုးပါ" ဟူသောစကားပုံအတိုင်း လူများအား ကျွန်တော်တို့က စတင်ကောင်းပါက သူတို့ကလည်း ဆိုးမည်မဟုတ်ပါ။ ကျွန်တော် တို့က သူ့အားစိတ်ဝင်စားပါက သူကလည်း ကျွန်တော်တို့ကိုစိတ်ဝင် စားမည်ဖြစ်ပါ၏။ သင်သည် ဤလူ့အဖွဲ့အစည်းတွင် လူဖြစ်နေရ သောကြောင့် သင့်အသက်အရွယ် မည်မျှပင်ရှိစေကာမူ သင်သည် လူများနှင့် ဆက်ဆံရမည်ဖြစ်၏။ သင်သည် သင့်မိတ်ဆွေများ အတွက်အမှတ်ရခြင်း ကောင်းကျိုးတစ်ခုကိုဆောင်ကြဉ်းမှု မပြုလုပ် နိုင်ရလောက်အောင် သင်သည် အလုပ်များနေသူတစ်ဦးမဟုတ်ပါ။

မည်မျှပင် အလုပ်များသည်ဖြစ်စေ၊ သင့်ဇနီးအားဖြစ်စေ၊ ရုံးမှ သင့်မိတ်ဆွေအားဖြစ်စေ ကောင်းသောစကား၊ ကောင်းသော

လုပ်ရပ်တစ်ခုကို လုပ်ကြည့်ပါ။ သင့်အား မကြာမီ ထိပ်ဆုံးတွင် တွေ့မြင်ရမည် ဖြစ်ပါ၏။

### ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့ ငါသည် ဦး/ဒေါ် ---------------အတွက် ကောင်းသော အလုပ် သို့မဟုတ် ကောင်းသော စကားတစ်ခုကို ပြုလုပ်ပြောဆိုမည်။

၂။ ယနေ့မှစ၍ ငါသည် ----------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------။

> မိတ်ဆွေအဖြစ် ခင်မင်ရင်းနှီးမှုကို တိုးချဲ့ပါ၊ သင့်ထံ ဆယ်ဆ အကျိုး ပြန်လာပါမည်။
>
> ဟင်နရီ ပီ ဒေးဗစ်ဆန်
>
> Henry P. Davidson

## ၃။ မျှဝေခံစားခြင်း

အတူတကွ

ဝေမျှခံစားကြမယ်လေ-----

အထက်ပါ စာသားပါရှိသော သီချင်းများကို ကျွန်တော်တို့သည် အကြိမ်ပေါင်းများစွာ သီကုံးခဲ့ကြ၏။ သီဆိုခဲ့ကြ၏။ ကြားခဲ့ကြ၏။ ဤအကြောင်းအရာကို ကဗျာအဖြစ်နှင့်လည်း စပ်ဆိုခဲ့ကြ၏။ ဆောင်းပါးအဖြစ်လည်း သီကုံးခဲ့ကြ၏။

ဤစာသားများကို နိုင်ငံသားများအချင်းချင်း၊ မိသားစုဝင်အချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်များအချင်းချင်းသာမက ချစ်သူနှစ်ဦးအတွက်ပါ မျှဝေခံစားကြရန် ရေးဖွဲ့ သီဆိုခဲ့ကြခြင်းဖြစ်၏။

မျှဝေခံစားမှုဟူသော အဓိပ္ပာယ်သည် အမှန်စင်စစ် ချစ်မေတ္တာပင် ဖြစ်ပါ၏။ မျှဝေခံစားမှု မရှိဘဲ ချစ်မေတ္တာ မရှိနိုင်ပါ။

မျှဝေခံစားမှုသည် ညီညွတ်မှု၏ လက္ခဏာတစ်ရပ်ဖြစ်၏။ ညီညွတ်မှု စွမ်းပကားသည် အလွန်မှ ကြီးမားလှပါ၏။ အရာရာကို ပြီးမြောက်စေနိုင်ပါ၏။ ထို့ကြောင့် ထိပ်တန်းသို့ ရောက်စေရေးအတွက် အလွန်ကြီးမားသော ညီညွတ်မှု စွမ်းပကားကို ရရှိစေရန် ချစ်မေတ္တာကို ပြုစုပျိုးထောင်ကြရမည်ဖြစ်၏။ ဗုဒ္ဓဘာသာ တရားတော်မှ ဖွင့်ဆိုသော အလွန်လေးနက်ဖြူစင်သည့် မေတ္တာတရားကို မရရှိစေကာမူ လူ့လောက လူ့ဘဝတွင် သံယောဇဉ်ပါသော အချစ်တရားသည်ပင်လျှင် ကောင်းသော အခြင်းအရာတစ်ခု ဖြစ်ပါ၏။

အချစ်ကို လူများစွာက စာဖွဲ့ဆိုကြ၏။ အချစ်ကို နားလည်ရန် ခက်ခဲသောအရာအဖြစ်လည်း ပြောဆိုကြ၏။ တကယ်တော့ အချစ်သည် လေ့လာ သင်ကြား၍ရသောအရာဖြစ်၏။ ပုဂ္ဂိုလ်ကြီးတစ်ဦးကမူ အချစ်ကို လေ့လာ သင်ကြား၍ရယူသော်လည်း အချစ်သည် စက်ဘီးအစီးသင်ခြင်းနှင့်ကား မတူ၊ ကွဲပြားခြားနားမှုရှိသည်ဟု ဆိုခဲ့၏။ အချို့ကလည်း အချစ်ရေးတွင် ကျဆုံးမှုသည် မချစ်တတ်သောကြောင့်သာ ဖြစ်ပါသည်ဟု ဆို၏။

သို့သော် ကျွန်တော် တင်ပြလိုသည်မှာ ချစ်ခြင်း မေတ္တာထားခြင်းတို့သည် ကောင်းသော အပြုအမူဖြစ်၏။ ချစ်ရသည့် အချိန်များ၊ ပျော်ရွှင်ကြည်နူးရသောအချိန်များကို ရှည်ကြာနိုင်သမျှ ရှည်ကြာအောင် ကြိုးစားသင့်ပါ၏။ မည်သူမဆို ပျော်ရွှင်ကြည်နူးရမည့်အချိန်များကို အဆုံးအရှုံးမခံသင့်ပါ။ မျှဝေခံစားရန် စိတ်ထက်

သန်နေသမျှ အပြန်အလှန်မေတ္တာမျှမှု ချစ်ခင်မှုတို့သည် ကြည်နူးစရာ ပျော်ရွှင်စရာများကို မွေးဖွားပေးနေမည်သာဖြစ်ပါ၏။

ချစ်သူနှစ်ဦးဖြစ်စေ၊ ဇနီးမောင်နှံဖြစ်စေ၊ ညီအစ်ကို မောင်နှမ ဖြစ်စေ၊ အုပ်ချုပ်ရေး အဖွဲ့တစ်ခုဖြစ်စေ၊ ပါတီတစ်ခု၊ ကုမ္ပဏီ တစ်ခုဖြစ်စေ၊ ကျေးရွာအုပ်စု တစ်ခုဖြစ်စေ၊ ခရီးသွားဖော် တစ်စု ဖြစ်ပါစေ၊ မျှဝေခံစားပါက ထိုစုစည်းမှုသည် ဘယ်တော့မှ မပျက် စီးပါ။ အင်အားကိုသာ တိုးပွားနေမည်ဖြစ်ပါ၏။ မျှဝေခံစားမှု ကင်းသည်နှင့် ထိုအင်အားသည် ပျက်စီးမည်သာ ဖြစ်ပါ၏။

ထို့ကြောင့် မိသားစုများ၊ ချစ်သူများ၊ ကုမ္ပဏီအဖွဲ့အစည်း များသည် မျှဝေခံစားမှုများပြုပါ။ ကောင်းကျိုးကိုသော်လည်းကောင်း၊ ဆိုးကျိုးကိုသော်လည်းကောင်း မျှဝေခံစားပါ။ တစ်ဖန် အချစ်၏ အဆင့်အမြင့်ဆုံး ရည်မှန်းချက်သည် အတူတကွ နေထိုင်ရန်ဟူ သော အချက်ဖြစ်သည်၊ မမေ့ပါနှင့်။ ထို့ကြောင့် ချစ်သူများ၊ မိသားစုများ၊ ကုမ္ပဏီ အဖွဲ့အစည်းများသည် ကြည်နူးမှုများနှင့် အတူတကွ နေထိုင်ရန် အချိန်များကို ရှာဖွေပါ။

ချစ်သူများ၊ မိသားစုများ၊ ဇနီးမောင်နှံများသည် အတူတကွ လမ်းလျှောက်ပါ။ ကြက်တောင်ရိုက်ပါ။ ဥယျာဉ်အတူစိုက်ပါ။ လေ့ အတူစီးပါ။ သို့မဟုတ်ပါက အတူတကွ ကားရေဆေးကြပါ။ အရေးကြီးသည်မှာ နေ့စဉ်နှင့်အမျှ ပျော်ရွှင်မှုများ ကြည်နူးဖွယ်ရာ များကို အချိန်မှန်သမျှ မျှဝေခံစားနိုင်ရန် ဆောင်ရွက်ဖို့ ဖြစ်ပါ၏။

ကုမ္ပဏီများတွင် ပါဝင်သော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများသည် မျှဝေခံစား၍ ကြည်နူးမှုများကို တည်ဆောက်နိုင်ပါက ယင်းကုမ္ပဏီများသည် **အောင်မြင်၏**။ သို့မဟုတ်ပါက မည်မျှအရင်းအနှီးနှင့် အတတ်ပညာ ပြည့်စုံစေကာမူ ပျက်စီးနိုင်ပါ၏။

လူတိုင်းသည် အိမ်ထောင်ရှင်များဖြစ်ကြရာ လူ့ဘဝ တက်လှမ်းရေးတွင် အိမ်ထောင် သာယာရေး၊ အိမ်ထောင်အတွင်း မျှဝေခံစားရေးသည် အလွန်မှ အရေးကြီးလှပါ၏။

ချစ်ခြင်းမေတ္တာသည် အစဉ်တစိုက် တိုးတက်အောင် လုပ်နေနိုင်သော အရာဖြစ်၏။ ချစ်ခြင်းမေတ္တာဖြင့် ယှဉ်သော ဆက်ဆံရေး ရှင်သန်စေလိုပါက မျှဝေခံစားရမည်ဖြစ်၏။ ချစ်ခြင်းမေတ္တာသည် မီးသေလုဖြစ်နေသော ထင်းတုံးကို မီးပြန်၍ တောက်စေနိုင်ပါ၏။ တိုသဘောထားကို ရင်ဝယ်ပိုက်၍ တက်လမ်းကို ရှာဖွေသော် အထက်သို့ ရောက်ရှိသာမက **အစဉ်သဖြင့်** ကြည်နူးပျော်ရွှင်နေရမည်ဖြစ်ပါ၏။ အချို့သည် **ထိပ်တန်းသို့** ရောက်နေသော်လည်း လူနှင့်မလိုက်အောင် **စိတ်ဆင်းရဲနေကြရသည်ကို** သတိပြုပါ။ မြန်မာ့ရိုးရာ ပန်းချီဆရာကြီး ဦးအေးမြင့်က "ကျွန်တော်ဟာ အနီးစပ်ဆုံးလူနှင့် ခွဲဝေခံစား၍ အဆင်ပြေအောင် ကြိုးစားပါတယ်" ဟု ဆိုဖူးသည်ကို ကျွန်တော်၏ တစ်နှစ်ကိုယ်ချစ် စာအုပ်တွင် ရေးသားခဲ့ဖူးပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် ငါနှင့် အနီးဆုံးရှိသော ပုဂ္ဂိုလ်နှင့် ပို၍ ချစ်ခင်မှုရအောင် လေ့ကျင့်ယူပါမည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------

------------------------------------------

------------------------------------------

------------------------------------------။

> ယနေ့ မျှဝေခံစားမှုသည် မနက်ဖြန်၏ လုပ တင့်တယ်မှု ခင်မင်မှုကို ဆောင်ရွက်ခြင်း ဖြစ်၏။
>
> ဇစ်ဇဂလာ
>
> Zig Ziglar

# ၄။ ကျေးဇူးတရား

ဘဝသည် ကျေးဇူးတရားနှင့်ရှင်သန်နေခြင်းဖြစ်၏။ ဤကမ္ဘာမြေပြင်တစ်ရပ်လုံးတွင် ကျေးဇူးတရားတို့သည် ပြည့်နေ၏။ အဝတ်အစားများ ကင်း၍နေသော အချိန်မျိုး ရှိတတ်မည်ဖြစ်သော်လည်း လူတွင် ကျေးဇူးတရားကင်း၍ကား တစ်ခါတစ်ရံမျိုးမှ မရှိနိုင်ပေ။

ဤကမ္ဘာလောကကြီးသည် ကျေးဇူးတရားတို့ဖြင့် ပြည့်နေသောလောကကြီးဖြစ်၏။ ကျွန်တော်သည် မိခင်၏ကျေးဇူးတရားကို ကာလ အတန်ကြာပင် အမေနှင့်အမေ့အကြောင်း၊ အမေ့ခြေရာ အစရှိသောစာအုပ်များဖြင့်ရေးသားခဲ့၏။ အမေ့မေတ္တာ တစ်ခုတည်းသည်ပင် ဆပ်၍မကုန်နိုင်လောက်အောင်ရှိ၏။

လူတစ်ယောက် မွေးဖွားရှင်သန်လာရေးအတွက် အမိ၏ကျေးဇူးသည်သာမက အဖ၏ကျေးဇူးသည်လည်း ကြီးမား၏။ မိဘနှစ်ပါး၏

ကျေးဇူးသည်သာမက ဆရာသမားတို့၏ ကျေးဇူးသည်လည်းကြီး မား၏။ မိဘဆရာသမား၏ ကျေးဇူးသည်သာမက မိတ်ဆွေအပေါင်း အသင်း ဆွေမျိုးဉာတိတို့၏ ကျေးဇူးတရားသည်လည်း ကြီးမား၏။ ထို့ပြင် မိမိမွေးဖွားရာ မိမိနိုင်ငံ မိမိလူမျိုး၏ ကျေးဇူးတရားသည်လည်း ကြီးမား၏။ ကမ္ဘာမြေပြင်ပေါ်တွင် လူလာ၍ဖြစ်ကြရာတွင် ဤ ကမ္ဘာမြေသည်လည်းကောင်း၊ ဤကမ္ဘာသူ ကမ္ဘာသားတို့၏ကျေးဇူး သည်လည်းကောင်း ကြီးမားလှပါ၏။

နံနက်မိုးလင်းသည်နှင့် အိမ်သို့ နွားနို့လာပို့သူ၊ လျှပ်စစ်မီး ပြတ်သွား၍ လာရောက်ပြင်ပေးသူ၊ နေ့စဉ်သတင်းစာ လာပို့သူ၊ ခပ်လှမ်းလှမ်းမှ တစ်နာရီတစ်ကြိမ်ခေါက်နေသော ကင်းသမား၊ မနက် ဈေးတန်းတွင် တွေ့ခဲ့ရသော ငါးသည်နှင့် ဝက်သားသည်များအပြင် တစ်နေ့က အမှတ် ၃၇ ကားဖြင့် ရန်ကုန်မြို့တွင်းသို့သွားခဲ့ရာ ယာဉ်မောင်းနှင့် လက်မှတ်ရောင်းတို့ကိုရော ကျွန်တော်တို့ ကျေးဇူး တင်ထိုက်ပါသလော။ အမှန်တော့ ဤကမ္ဘာမြေပြင်သည် ကျေးဇူး တရား အပေါင်းတို့ဖြင့် တည်ဆောက်ထား၍ ဤကမ္ဘာမြေသည် ကျေးဇူးတရားများ ပေါင်းစပ်ထားရာ နယ်မြေဖြစ်ပါ၏။

ကျွန်တော်တို့လူသားများသည် လျှပ်စစ်မီးသီးကို တွေ့ရှိ တီထွင် ခဲ့သူ အက်ဒီဆင်အားလည်းကောင်း၊ ပင်နီဆီလင်ဆေးကို တွေ့ရှိ သည့် ဒေါက်တာဖလင်းမင်းအားလည်းကောင်း ကမ္ဘာ့ ကျေးဇူးရှင် များအဖြစ် အသိအမှတ်ပြုထားကြသည်။ ထို့ကြောင့် ကျေးဇူးတရား

များဖြင့် ပြည့်လျှမ်းနေသော ကျေးဇူးကမ္ဘာကြီးတွင် ထိပ်တန်းသို့ ရောက်လိုပါက ကျေးဇူးတရားကို သိတတ်ရမည်ဖြစ်ပါ၏။ ကျေးဇူးတရားမသိသူသည် ထိပ်တန်းသို့ ရောက်နိုင်မည့်သူမဟုတ်။ ကျေးဇူးမသိတတ်သူသည် ထိပ်တန်းသို့ မတော်တဆ ရောက်ခဲ့သည့်တိုင် အကျနာမည့်သူ ဖြစ်ပါ၏။

ဤနေရာတွင် ကျွန်တော်သည် မာဂျော်ရီကိုနီ Marjorie Cooney ၏ စကားများကို လှပသော လက်ဆောင်အဖြစ် ပေးလိုပါ၏။ မာဂျော်ရီ၏ စကားများကို သေချာစွာ ဖတ်ရှုစေလိုပါ၏။ မာဂျော်ရီက–

"ကျွန်မ စဉ်းစားနေမိပါတယ်။ ဒီကိစ္စကို ကာလအတန်ကြာကတည်းက စဉ်းစားနေတာပါ။ ကျွန်မမှာ မေမေ့ရဲ့ ကျေးဇူးတရားတွေ အများကြီး တင်ရှိနေတာပါပဲ။ အခုတော့ ကျွန်မဟာ မေမေရဲ့ကျေးဇူးတရားတွေကို ကျွန်မ ပေးဆပ်ဖို့အချိန်ရောက်နေပါပြီ။ မေမေဟာ ကျွန်မရဲ့ ညရေး ညတာများအတွက် စောင့်ပေးခဲ့တဲ့ ညစောင့် အကြွေးတွေလည်းရှိပါတယ်။ အိမ်မှာ ညဘက်တကယ်ကြားရတဲ့ အသံတွေကြောင့်ပဲဖြစ်ဖြစ်၊ စိတ်ထင်ကြောင့်ပဲဖြစ်ဖြစ် ကောင်းကောင်းမအိပ်ခဲ့ရတဲ့ ညတွေမှာ ကျွန်မကို မေမေဟာ ပွေ့စုနေပြီး အဲဒီ ညတွေမှာ

မေမေဟာ ညဥ့်နက် သန်းခေါင်အထိ တစ်ခါတလေ ညလုံးပေါက် မအိပ်ခဲ့ပါဘူး"

"ပြီးတော့ ဆောက်လုပ်ရေးကိစ္စအတွက် မေမေ့ ကျေးဇူးတရားတွေ တင်ရှိနေတာကလည်း အများကြီး ပါပဲ။ မေမေဟာ တကယ်တော့ ဗိသုကာတစ်ယောက်၊ ဆောက်လုပ်ရေး ပညာရှင်တစ်ယောက်လည်း ဖြစ်ပါ တယ်ဆိုတာ မသိခဲ့ဘူးမဟုတ်လား။ မေမေဟာ ကျွန်မ ကိုယ်တိုင်နဲ့ မောင်နှမတွေရဲ့ ခိုင်မာတဲ့ စိတ်ဓာတ်တွေ၊ ယဉ်ကျေး သိမ်မွေ့မှုတွေကို အမေကိုယ်တိုင် တည် ဆောက်ဖန်တီးပေးခဲ့တာပါပဲ။ ကျွန်မရဲ့ အဲဒီ မျှော်လင့် ချက်တွေ၊ အိပ်မက်တွေ၊ ယုံကြည်ချက်တွေကို တည် ဆောက်ပေးနိုင်ဖို့ မေမေဟာ အပန်းတကြီး လုပ်ကိုင်ခဲ့ရ တယ်လေ။ နောက်ပြီး မေမေဟာ မိသားစုကို မေတ္တာ တရား၊ သစ္စာတရားတည်းဟူသော ဘိလပ်မြေနဲ့ ခိုင်မာ အောင် သရွတ်ကိုင်ခဲ့ရာမှာလည်း **မေမေ အလွန်ပဲ ပင်ပန်း** နွမ်းနယ်ခဲ့တယ်ဆိုတာ ကျွန်မ **သိလာခဲ့ပါပြီ။ နောက်** တစ်ခါ မေမေဟာ ကျွန်မထံမှာ ကြံ့ခိုင်တဲ့ စိတ်ဓာတ်၊ ယုံကြည်ခိုင်မာတဲ့ စိတ်ဓာတ်တွေကိုလည်း ကျွန်မရဲ့ခန္ဓာ ကိုယ်ထဲကို တူနဲ့ရိုက်သလို ရိုက်သွင်းပေးခဲ့တယ်"

"တစ်ပါးသူတွေနဲ့ ဆက်ဆံတဲ့နေရာမှာလည်း အကျိုးဖြစ်ထွန်းစွာ၊ အဓိပ္ပာယ်ရှိစွာ လုပ်ဆောင်သွားနိုင်အောင် ဘဝရဲ့ စွမ်းရည်မှန်သမျှကိုလည်း ရိုက်သွင်းပေးခဲ့ပါတယ်။ ကျွန်မတို့ကို သင်ကြားပေးခဲ့တဲ့ ပညာသင်ခ အကြွေးဆိုတာတွေတော့ သမီး ဘယ်လိုမှပြန်မဆပ်နိုင်လောက်အောင်ကြီးမားလှပါတယ်။ ဘဝအကြောင်း သိခဲ့ တတ်မြောက်ခဲ့ရတဲ့ အစိတ်အပိုင်း အားလုံး နီးပါးဟာလည်း မေမေ့ခြေစုံရင်းမှာ တတ်ခဲ့ ရတာတွေချည်းပါပဲ"

"မှန်ပါတယ်။ ဒီကျေးဇူးတွေကို ပြန်ဆပ်ဖို့ လိုအပ်နေတာ ကာလအားဖြင့် လွန်တောင်လွန်နေပါပြီ။ ကျွန်မအပေါ်မှာရှိတဲ့ မေမေ့ရဲ့ကျေးဇူးတွေဟာ ကြောက်ခမန်းလိလိပါပဲ။ ဒါပေမယ့် ကျွန်မသိပါတယ်။ မေမေ့ကို နမ်းလိုက်တဲ့ သမီးရဲ့ အနမ်းလေးတစ်ချက်နဲ့ "မေမေ့သမီးလေ မေမေ့ကို သိပ်ချစ်ပါတယ်" ဆိုတဲ့ စကားလုံးတွေကိုပြောလိုက်တာနဲ့ သမီးရဲ့ အကြွေးစာရင်းပေါ်မှာ အမေက အားလုံးပေးချေပြီး 'Paid in Full' လို့ အမေရေးလိုက်မှာ သေချာပါတယ်" ဟု ပြောကြားခဲ့ပါ၏။

ထိုကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါဆပ်ရမည့် ကျေးဇူးတရားများအနက်မှ အချို့ကို ပြန်လည်ပေးဆပ်မည်။

၂။ ယနေ့မှစ၍ ငါသည် ---------------------------
---------------------------------------------
---------------------------------------------
---------------------------------------------။

ကြင်နာမှု ပါရှိသော ပျော်ရွှင် ကျေနပ်စရာ အရသာကို သင်သည် မကြာခဏ ခံစားရမှုမရှိဟုဆိုပါက သင့်ကိုယ်သင် ပစ်ပယ်ထားသူ တစ်ဦးသာ ဖြစ်ပါမည်။

အေ နီလ်ဆင်
A. Nielsen

## ၅။ လူမှု ဆက်ဆံရေး မဆင်းရဲစေရေး

လူ့ဘဝတွင် လူတို့ မလိုလားသော အရာသည် ဆင်းရဲမှု **Poverty** ပင်ဖြစ်ပါသည်။ မိမိတို့ မလိုလားသော ဆင်းရဲတွင်းမှ တိုးထွက်ကာ ဆင်းရဲခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော ချမ်းသာမှု ကြွယ်ဝမှုတို့ကို လူများသည် ရှာဖွေလေ့ရှိကြပါ၏။

တိုးတက်လိုသောစိတ်၊ ထိပ်တန်းသို့ ရောက်လိုစိတ်များသည် ဆင်းရဲမှုကို မလိုလားခြင်းပင်ဖြစ်ပါ၏။ ဆင်းရဲမှုတွင် နှစ်မျိုးနှစ်စား ရှိပါ၏။ ယင်းတို့မှာ ငွေကြေးပစ္စည်းဥစ္စာ ဂုဏ်ပကာသနတို့ ဆင်းရဲမှုနှင့် အပေါင်းအသင်း မိတ်ဆွေ သူငယ်ချင်း ယုံကြည်ရသူများ ဆင်းရဲမှုဖြစ်ပါ၏။

ယင်းကိစ္စနှစ်ရပ်စလုံး ဆင်းရဲမှုသည် မကောင်းသောအရာများ ဖြစ်ပါ၏။ ထိုကိစ္စနှစ်ရပ်စလုံးသည် အရေးကြီးလှပါ၏။ ငွေကြေး ပစ္စည်းဥစ္စာ ချမ်းသာရေးကိစ္စသည် အပေါင်းအသင်း မိတ်ဆွေ ယုံကြည်ရသူ မိတ်ဖက်ပုဂ္ဂိုလ်များမရှိဘဲ လုံးဝမဖြစ်နိုင်ပါ။ ကုမ္ပဏီ တစ်ခု အောင်မြင်ရေးတွင် ငွေရေး ကြေးရေးထက် ပါဝင်လုပ် ဆောင်သော ပုဂ္ဂိုလ်များ၏ ညီညွတ်မှု၊ မျှဝေခံစားမှုသည် အရေးကြီး ပါ၏။ လုပ်ငန်းများများလုပ်ဆောင်လေ မိတ်ဆွေကောင်းများ ပေါများ ရန် လိုအပ်လေဖြစ်ပါ၏။

ယခုအခါ လူတို့သည် ဆင်းရဲခြင်းဟုဆိုပါက ငွေကြေးဆင်းရဲ မှုကိုထင်မှတ်ပြောဆိုတတ်ကြ၏။ အမှန်စင်စစ် မိတ်ဆွေ အပေါင်း အသင်းဆင်းရဲမှုသည် ငွေကြေးဆင်းရဲမှုထက် ပို၍ အရေးကြီးသော ကိစ္စဖြစ်၏။ ငွေကြေးမရှိပါက မိတ်ဆွေရှိလျှင် ငွေကြေးအရင်းအနှီး ဖြစ်ပေါ်လာနိုင်သော်လည်း မိတ်ဆွေမရှိပါက ငွေကြေး အရင်းအနှီး ရရှိရန်အတွက်သော်လည်းကောင်း၊ တိုးပွားရန်အတွက်သော်လည်း ကောင်း လမ်းစဆိတ်သုဉ်းခြင်းဖြစ်ပါ၏။

လူသည် မလွဲမရှောင်သာ အဖွဲ့အစည်းနှင့်နေကြရ၏။ လူသည် တစ်ဦးတစ်ယောက်တည်း ရှင်သန်နေရန် အလွန်ခဲယဉ်းသော ကိစ္စ ဖြစ်၏။ လူတို့သည် တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြု၍သာ နေကြရ ပေရာ လူအဖြစ်တွင် လူမှုဆက်ဆံရေးသည် အလွန်မှ အရေးကြီး

လှပါ၏။ လူမှုဆက်ဆံရေး ဆင်းရဲမှုလောက် ဆုံးရှုံးမှုကြီးမားသော အဖြစ်သည် လူ့အဖြစ်တွင် မရှိပါ။

အခြားသူများနှင့် ပြေပြစ်ကောင်းမွန်စွာ ဆက်ဆံပေါင်းသင်းခြင်း မပြုနိုင်သူများ၊ ရင်းနှီးသောမိတ်ဆွေဟူ၍မရှိသူများ၊ နေ့စဉ် ပျော်ရွှင်ကြည်နူးစွာဆက်ဆံရမည့် မိသားစုမရှိသူများ အားလုံးသည် လူမှုဆင်းရဲမွဲတေသူများ ဖြစ်ကြ၏။ မိသားစုအဝှင်း ပျော်ရွှင်ကြည်နူးသော ဆက်ဆံမှုမရှိက ထိုမိသားစုအတွင်း မင်္ဂလာရှိမှုဆိတ်သုဉ်းကာ မင်္ဂလာမရှိသော မိသားစုဟုခေါ်နိုင်ပါ၏။ ဘဝလမ်းခရီးတွင် အခက်အခဲများကို **ရင်ဆိုင်ရာ၌ မိတ်ဆွေ** အပေါင်းအသင်းကောင်းသည် အရေးကြီးလာပါ၏။

ပုဂ္ဂိုလ်ကြီး တစ်ဦးက လူ့လောကတွင် လူဟူ၍ လာရောက်ဖြစ်ခဲ့ပြီး**ခါမှ** အပေါင်းအသင်းရောင်းရင်းများ၏ အတွင်းကျကျချစ်ခင်ရချက်များကို မျှဝေခံစားနိုင်မှုမရှိသူများ၊ မိတ်ဆွေများနှင့် ပျော်ရွှင်မှုများ၊ သောကများအကြောင်းကို မသိရဘဲ နေကြရသူများသည် အလွန်ကြေကွဲဖွယ်ရာဘဝသို့ ရောက်ရှိကြသူများဟု ပြောဆိုခဲ့ကြပါ၏။

ထို့ကြောင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး စသည့်နယ်ပယ်အသီးသီးမှ သို့မဟုတ် မည်သည့် နယ်ပယ်တွင်မဆို ထိပ်တန်းသို့ တက်လိုသော် မိတ်ဆွေအပေါင်းအသင်းမရှိဘဲ တက်ရောက်ရန် ခက်ခဲ

မည်ဖြစ်ပါ၏။ ထို့ကြောင့် လူ့ဘဝတွင် မိတ်ဆွေကောင်းများကို ရှာဖွေရမည်ဖြစ်၏။ တစ်သက်ပတ်လုံး ခင်မင်ရင်းနှီးစွာ ပေါင်းသင်းကြရမည်ဖြစ်၏။ အပေါင်းအသင်းတို့၏ အကျိုးစီးပွားကိုလိုလား၍ မိတ်ဆွေဖြစ်မှုကို တည်ဆောက်ကြရမည်ဖြစ်၏။

လူမှုဆက်ဆံရေး ဆင်းရဲသူများသည် နာလန်မထူမည့်သူများ ဖြစ်ကြပါ၏။ အချို့သောသူများသည် ပညာတတ်ကြသည်။ ဂုဏ်သရေရှိအသိုင်းအဝိုင်းမှလည်းဖြစ်ကြသည်။ သို့သော် ယင်းတို့သည် လူမှုဆက်ဆံရေးညံ့ဖျင်းသောကြောင့် မတိုးတက်ဘဲရှိကြပါ၏။ အချို့သည် အကြောင်းတစ်ရပ်ရပ်ကြောင့် ချမ်းသာလာခဲ့သော်လည်း မိတ်ဆွေ အပေါင်းအသင်းမရှိ၍ မတိုးတက်၊ မကြီးပွားဘဲ ရှိကြပါ၏။

မိတ်ဆွေဖြစ်မှုတွင် မျှဝေခံစားမှုနှင့် အပြန်အလှန် ရှိသေလေးစားမှုသည် အထူး အရေးကြီးလှပါ၏။ မျှဝေခံစားမှု မရှိဘဲ မည်သူမျှ မိတ်ကောင်းဆွေကောင်း မရနိုင်ပါ။ မိမိက အမြီးကျက် အမြီးစားလိုစိတ်၊ ခေါင်းကျက် ခေါင်းစားလိုစိတ်ရှိပါက မိမိရရှိသော မိတ်ဆွေများသည်လည်း ထိုစိတ်ရှိသူများသာ ဖြစ်တတ်ပါ၏။ အသာနှင့် အနာကို မျှဝေခံစားခြင်းဖြင့် အလွန်ခိုင်မြဲသော မိတ်ဆွေများကို ရတတ်ပါ၏။

မိတ်ဆွေဖြစ်မှုတွင် အပြန်အလှန် ရှိသေလေးစားမှုသည် အလွန်အရေးကြီးပါ၏။ အပြန်အလှန် ရှိသေလေးစားမှုဟု ဆိုရာတွင်

အရေးအကြီးဆုံးမှာ မိမိကိုယ်မိမိလေးစားရန်ဖြစ်ပါ၏။ မိမိကိုယ်မိမိ မမှန်မကန်လုပ်မှု၊ မရိုးသားမှု၊ မျှဝေမခံစားတတ်မှုများကို ပယ်ဖျောက်နိုင်မှ မိမိသည် မိမိကိုယ်တိုင်၏ လေးစားမှုကို ရရှိမည်ဖြစ်ပါ၏။ ကိုယ့်ကိုယ်ကိုလေးစားမှုရှိပါမှ အများကလည်း မိမိအား လေးစားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိတ်ဆွေဖြစ်မှုအတွက် အရေးကြီးဆုံးအရာသည် မိမိကိုယ်မိမိ ရိုသေစရာဖြစ်အောင် အကျင့်သိက္ခာအရလည်းကောင်း၊ သီလသမာဓိ၊ ဝီရိယအရာတို့အရလည်းကောင်းကျင့်ကြံ အားထုတ်ဖို့လိုအပ်ပါ၏။

ကျွန်တော်တို့သည် ထိပ်တန်းသို့ ရောက်လိုသော် လူမှုဆက်ဆံရေး ကြွယ်ဝချမ်းသာအောင် ကြိုးစားရမည်ဖြစ်၏။ လူမှုဆက်ဆံရေး ဆင်းရဲ မွဲတေမှုများကို လူ့ဘဝမှ တိုက်ဖျက်ပစ်ရမည်ဖြစ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် အခြားသူများ၏ သုခ ဒုက္ခများ အကြောင်းကို သေချာစွာနားစိုက်ထောင်ခြင်း၊ ချီးကျူးဂုဏ်ပြုခြင်း၊ စာနာထောက်ထားခြင်း၊ ရိုးသား ဖြောင့်မတ်ခြင်းတို့ကို ပြုလုပ်၍ မိတ်ကောင်း ဆွေမွန်များ ရရှိရေးကို တည်ဆောက်မည်။

၂။ ယနေ့မှစ၍ ငါသည် -------------------------
-------------------------------------------
-------------------------------------------
-------------------------------------------။

> သင့်ကိုမေတ္တာရှိစေလိုလျှင် သင်က ဦးစွာမေတ္တာထားကြည့်ပါ။

## ၆။ နှိမ့်ချသောစိတ်

သင်သည် တကယ်ဟမ်း ထိပ်တန်းသို့ တက်လိုပါသလား၊ သင်ထိပ်တန်းသို့ ရောက်လိုသော် မေတ္တာစိတ်တစ်မျိုးဖြစ်သော နှိမ့်ချသောစိတ်ကို မွေးမြူရန် လိုအပ်ပါ၏။ နှိမ့်ချသောစိတ်သည် နိဝါတောစ မင်္ဂလာတစ်ပါးဖြစ်ပါ၏။ သင့်ထံတွင် နိဝါတောစ ဟူသော မင်္ဂလာတရားနှင့် ပြည့်စုံနေစေရန် အစဉ်နှိမ့်ချသောစိတ်ကို မွေးမြူစေလိုပါ၏။

အလုပ်ရွေးချယ်ရာတွင် ရွေးချယ်သောလူကြီးများသည် အလုပ်လာလျှောက်သောသူအား မည်မျှနှိမ့်ချတတ်သည်၊ မတတ်သည် ဟူသောအချက်ကို အရေးကြီးသောအချက်တစ်ချက်အဖြစ် သဘောထားကာ ရွေးချယ်တတ်ကြပါ၏။ အဘယ်ကြောင့်ဆိုသော် နှိမ့်ချမှု

သည် အလွန်အရေးကြီးသောကြောင့်ဖြစ်ပါ၏။ အလုပ်လာလျှောက်သူတို့ကလည်း အလုပ်လာလျှောက်သော ခဏတွင် နိဝါတောစတရားကို အစွမ်းကုန်ပြသ၍ လျှောက်ကြသည်သာဖြစ်ပါ၏။ နှိမ့်ချတတ်သောစိတ်ကို အလုပ်ရွေးချယ်သူကလည်း ကြိုက်၏။ အလုပ်လာလျှောက်သူကလည်း နှိမ့်ချရမည်ဟူသော အချက်ကို သိ၏။ အလုပ်သမားတစ်ဦးသည် မိမိ အလုပ်လာလျှောက်စဉ်က ထားရှိသော နှိမ့်ချတတ်သည့် နိဝါတောစစိတ်ဓာတ်ကို တစ်သက်လုံးထားရှိသွားပါက ထိုသူသည် အောင်မြင်မည်သာဖြစ်ပါ၏။

လူအားလုံးသည် ကိုယ်စိတ်နှစ်ပါး နှိမ့်ချတတ်သူအား ယဉ်ကျေးသောသူ၊ သိမ်မွေ့သောသူအဖြစ် အသိအမှတ်ပြုကြ၏။ နှိမ့်ချတတ်သော အမူအရာသည် ယဉ်ကျေးသည့် လက္ခဏာ တစ်ရပ်လည်းဖြစ်၏။ နှိမ့်ချမှုကို လူတိုင်း ကြိုက်နှစ်သက်ကြ၏။ မိမိအားသူတစ်ပါးက နှိမ့်ချသောလက္ခဏာဖြင့်ဆက်ဆံပါက မိမိ နှစ်သက်သလို သူတစ်ပါးကလည်း နှိမ့်ချစွာဆက်ဆံမှုကို လိုလားမည်ဖြစ်ပါ၏။

ထို့ကြောင့် နှိမ့်ချစွာ ဆက်ဆံမှုသည် လူမှုဆက်ဆံရေးတွင် အများ ကြိုက်နှစ်သက်သောအမူအရာဖြစ်ပေရာ ထိုအမူအရာကို မိမိကိုယ်ပိုင်အမူအရာအဖြစ် ကျင့်သုံးဆက်ဆံသူများသည် အောင်မြင်ကြမည်ဖြစ်၏။ မိတ်ဆွေရင်းချာများပေါများကြမည်ဖြစ်၏။ မိမိကိုယ်

ကို နိမ့်ချထားမှတော့ အမုန်းတရားသည် ဘယ်တော့မှ ပေါ်ပေါက်လာတော့မည်မဟုတ်။

မိမိ ဆင်းရဲနွမ်းပါးသောအချိန်၊ အားနည်းသောအချိန်များတွင် လူတို့သည် နှိမ့်ချခြင်းကို အသုံးပြုတတ်ကြသော်လည်း အောင်မြင်မှုရချိန်တွင် လူသည် မနှိမ့်ချနိုင်တော့ဘဲ ဝင့်ဝါသောသဘောရှိ၏။ မေ့လျော့တတ်သောသဘောလည်းရှိ၏။ အလားတူပင် အာဏာရှိချိန် ငွေကြေးဥစ္စာ ပြည့်စုံနေချိန်တွင် မာန်တက်သော သဘောရှိပါ၏။ မောက်မာခြင်း၊ ဝင့်ဝါခြင်း၊ ခက်ထန်ခြင်း၊ ဘဝင်မြင့်ခြင်းတို့သည် နှိမ့်ချခြင်းနှင့် ဆန့်ကျင်ဘက် သဘောတရားများဖြစ်၏။

ခရစ်ယန်ဘုန်းတော်ကြီး ပီတာမာရှယ် Peter Marshall ဆိုသူသည် ဘုရားသခင်ထံ၌ ဆုတောင်းပါက "ကျွန်ုပ်သည် အောင်မြင်မှုကိုရရှိချိန်တွင် နှိမ့်ချစွာ ပေါင်းသင်း ဆက်ဆံလိုသော စိတ်ကို ပေးသနားတော်မူပါ။ ကျွန်ုပ်သည် တစ်စုံတစ်ရာ နှိမ့်ပါးမှားယွင်းမိသောအခါတွင် အမုန်တရားအား ပြောင်းလဲလိုစိတ်ကို ပေးသနားတော်မူပါ" ဟု ဆုတောင်းလေ့ရှိပါ၏။

အလွန် သိမ်မွေ့သော ဆုတောင်းမှု သဘောတရားတစ်ရပ်ဖြစ်ပါ၏။ ပီတာမာရှယ်သည် အောင်ပွဲရချိန်တွင် ဝင့်ဝါမှု၊ ခက်ထန်မှု၊ မိမိကိုယ်မိမိ ဘဝင်မြင့်မှုများ ဖြစ်ပေါ်လာမည်ကို ကြောက်ရွံ့သောကြောင့် ထိုစိတ်များပေါ်မလာဘဲ နှိမ့်ချသောစိတ် ဝင်စားပါစေရန် ဘုရားထံတွင်ပင် ဆုတောင်း၏။ ဆင်းရဲချိန်တွင် အလိုလို နှိမ့်ချ

ပြီးသားဖြစ်သော်လည်း ချမ်းသာချိန်၊ အာဏာရချိန်တွင် လူတို့သည် မောက်မာမာန်တင်းတတ်၏။ ဤအရာသည် ဆိုးဝါးသောအရာဖြစ်ပါ၏။ ထိုစိတ်ဓာတ်သည် အထက်သို့ ရောက်ပြီးသောသူအား အောက်ဆုံးသို့ ရောက်စေနိုင်ပါ၏။

အောင်မြင်မှုရရှိလာသောအခါ မောက်မာဝင့်ဝါသော၊ မေ့လျော့တတ်သော၊ မေ့ချင်ယောင်ဆောင်သောသဘောသည် ဆီးသီးသည် မိဖုရားကြီးမဇျိုင်း၏ စိတ်ဓာတ်ဖြစ်၏။ ထိုစိတ်ဓာတ်ကြောင့် မဇျိုင်း ဒုက္ခရောက်ရသလို မောက်မာမှု၊ ဝင့်ကြွားမှု၊ မေ့လျော့မှု၊ ကျေးဇူးကန်းမှုများသည် အောက်ဆုံးသို့ ပြန်၍ရောက်ကာ မကောင်းသတင်းဖြင့် ကျော်စောရသောဘဝသို့ ရောက်တတ်ပါ၏။

မိဘများသည် သားသမီးတို့အား မကြာခဏ အရှုံးသမားကောင်းများဖြစ်ရန် သင်ကြားပေးတတ်ကြ၏။ အဘယ်ကြောင့်ဆိုသော် လူတိုင်း တစ်ခါတစ်ရံ အရှုံးနှင့် ရင်ဆိုင်ကြရသောကြောင့် ထိုအချိန်မျိုးတွင် နေတတ်၊ စားတတ်၊ ဝတ်တတ်အောင် ကြိုတင်သတိပေးထားခြင်းဖြစ်၏။

ထို့အတူ မိဘများသည် အောင်မြင်မှုသရဖူကို ဆောင်းလာရသောအခါများတွင်လည်း မည်သို့ နေထိုင်ရမည်၊ မည်သို့ ဝတ်စားရမည်၊ မည်သို့ ပြုမူရမည်ကို အရေးတကြီး ကိစ္စအဖြစ် သင်ကြားပေးသင့်၏။ အဘယ်ကြောင့်ဆိုသော် အထက်တွင် မနေတတ်၊

မစားတတ်၊ မဝတ်တတ်ပါကလည်း ပြုတ်ကျနိုင်သောကြောင့် ဖြစ်ပါ၏။

အောင်မြင်မှုသည် ရရှိရန် မခဲယဉ်းသော အရာဖြစ်၏။ သို့သော် ထိုအရာကို ထိန်းသိမ်းထားရန် ခဲယဉ်း၏။ အောင်မြင်မှုအား ကြာရှည်စွာ ထိန်းသိမ်းထားနိုင်သောနည်းသည် နှိမ့်ချစွာ နေထိုင်မှုပင်ဖြစ်၏။ အောင်မြင်မှုရရှိသော်လည်း နှိမ့်ချစွာ နေတတ်စားတတ်သူတို့သည် ထိုထက်မြင့်သော အောင်မြင်မှုကို ရရှိစမြဲဖြစ်၏။

မိမိ၏ ကိုယ်စိတ်နှစ်ပါးအား နှိမ့်ချခြင်းသည် မိမိ၏ သဘောတရား အယူအဆကို အလျှော့ပေးခြင်းမဟုတ်။ မိမိ၏ အယူအဆအား အလျှော့မပေးသည့်ကို တစ်ဖက်လူအား အသိပေးရာတွင်ပင် နိဝါတတရားဖြင့် အသိပေးရန်ဖြစ်ပါ၏။ နှိမ့်ချသော ကိုယ်အမူအရာ၊ စိတ်အမူအရာတို့သည် တစ်ဖက်သားအား မြတ်နိုး ချစ်ခင်သောစိတ်ဖြင့် တစ်သက်ပတ်လုံး သတိရနေစေရန် ဆွဲဆောင်နိုင်စွမ်းရှိပါ၏။

မိမိကိုယ်မိမိ နှိမ့်ချတတ်သော စရိုက်သည် အလွန် နှစ်လိုဖွယ်ရာဖြစ်၍ အလွန်အားပေး ကြိုဆိုအပ်သော စရိုက်ဖြစ်၏။ ထိုစရိုက်ရင်တွင်း၌ ဖြစ်ပေါ်လာရေးသည်လည်း အလွန်မခဲယဉ်းသောကိစ္စဖြစ်၏။ လူတိုင်းသည် မည်မျှ မာန်တက်သော စိတ်ရှိစေကာမူ မိမိကိုယ်မိမိ နှိမ့်ချစွာ ဆက်ဆံရမည့် အချိန်များ ကြုံရတတ်ပါ၏။

မည်သူမျှ ဤလောကကြီးတွင် အောင်မြင်မှုရအောင် တစ်ဦးတည်း ရပ်တည်နိုင်သူ မရှိပါ။ အောင်မြင်မှုသည်ပင် အခါခပ်သိမ်း အခြားသူတို့၏ ကျေးဇူးတရား မကင်းဘဲ အောင်မြင်တတ်ကြခြင်း ဖြစ်သည်ကို သတိပြုရန် လိုအပ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် ငါ၏ အောင်မြင်မှုတွင် ပါဝင်ကူညီခဲ့သူများကို ချီးကျူးခြင်းဖြင့် ရရှိလာသော အကျိုးတရားအား မျှဝေခံစားခြင်းကို ပြုလုပ်ဆောင်ရွက်ရမည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------
------------------------------------------------------
------------------------------------------------------
------------------------------------------------------။

အောင်မြင်မှု ရလဒ်အတွက် ကျေးဇူးတရားကို သိတတ်သူသည် အကန့်အသတ်မဲ့စွာ ဆက်လက် အောင်ပွဲခံနိုင်မည် ဖြစ်ပါ၏။

ဂျွန် ဝူးဒင်း
John Wooden

## ၇။ တိကျစွာဆောင်ရွက်ခြင်း

ထိပ်တန်းသို့တက်ခြင်း၊ အောင်ပွဲရယူခြင်းကိစ္စများတွင် တိကျစွာ ဆောင်ရွက်ခြင်းသည် အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်ပါ၏။ တိကျစွာ ဆောင်ရွက်ခြင်းတွင် စည်းစနစ် စသည်တို့သည်လည်း အရေးကြီးလှပါ၏။ တိကျစွာ ဆောင်ရွက်မှုနှင့် စည်းစနစ်ကိစ္စများကို ဆောင်ရွက်ရာတွင် စေတနာနှင့် မေတ္တာတရားတို့ကို လိုအပ်သလောက် ပေါင်းထည့် အသုံးပြုရန်လိုအပ်ပါ၏။

စေတနာနှင့်မေတ္တာမပါရှိသော စည်းကမ်း၊ စည်းစနစ်တို့သည် လိုက်နာဆောင်ရွက်ရသူတို့အတွက် ကသိကအောက် ဖြစ်ရမှုများ၊ ကျဉ်းကျပ်စရာများဖြစ်ပါ၏။

ကျွန်တော်သည် ၁၉၆၆ ခုနှစ်ခန့်က သာကေတ အစိုးရ မူလတန်းကျောင်းတွင် ကျောင်းဆရာ လုပ်ခဲ့ရပါ၏။ ကျောင်းသား ခြောက်ရာခန့်ရှိသော်လည်း ကျောင်းဆရာဦးရေမှာ ဆရာမကြီးနှင့် ပါမှ လေးဦးသာရှိပါ၏။ ဆရာမကြီးမှာလည်း အခြားအုပ်ချုပ်ရေး ကိစ္စ၊ ပါတီကိစ္စများနှင့် ကျောင်းတွင် အချိန်ပြည့် စာမသင်နိုင်ပါ။ ကျွန်တော်က သူငယ်တန်းနှင့် ပထမတန်းပေါင်း၍ စာသင်ရာ ကျောင်းသား နှစ်ရာကျော်ခန့် ရှိပါ၏။ ကျောင်းမထားသေးသော်လည်း အရပ်ထဲမှ မိဘများအလုပ်သွား၍ ကျောင်းသို့ လွှတ်ထားသော ကလေးက ၅၀ ခန့်ရှိပါ၏။ ထိုကလေးများအား ကျွန်တော် မရောက်ခင်က ဆရာမရှိ၍ စာသင်ကြားခြင်းမရှိဘဲ လူစုထားရုံ လောက်သာ ဖြစ်ပါ၏။ ကလေးများသည် နံနက် ၆ နာရီ လောက်မှ စ၍ ကျောင်းသို့လာကြရာ ၉ နာရီ ၁၀ နာရီအထိ လာကြဆဲ ဖြစ်သည်။ ပြန်လိုသည့်အခါတွင်လည်း မိမိတို့ဘာသာ ပြန်သွား တတ်ကြ၏။ ကျွန်တော်သည် ထိုကလေးများအား စည်းကမ်းဖြင့် တိကျစွာ ဘယ်လိုမှဆောင်ရွက်၍မရဘဲရှိပါ၏။ ထိုအခါ ကျွန်တော် သည် စည်းကမ်းကိစ္စ၊ စာသင်ကြားရေးကိစ္စများကို ရှေးဦးစွာ မဆောင်ရွက်ဘဲ ကလေးများအား ပုံပြောခြင်း၊ အတူတကွ ကစား ကွင်းထဲ၌ ကစားခြင်း၊ ကျောင်းသားလေးငါးဆယ် စုပေါင်းကစား ရသော ကစားနည်းများကို ကြံဆ၍ ကစားခြင်းဖြင့် ရင်းနှီးမှု ရအောင်ဆောင်ရွက်ရပါ၏။ ထိုသို့ဆောင်ရွက်ပြီး ရင်းနှီးမှု ရရှိလာ

သောအခါ ကလေးများအား စည်းကမ်းအကြောင်း ပြောဆိုခြင်း၊ စည်းကမ်းကို လေ့ကျင့်ပေးခြင်းများကို ပြုလုပ်ကြရပါ၏။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ခြောက်လလောက်အကြာတွင်ပင် ကျောင်းသည် အတော်တိုးတက်လာသည်ကိုတွေ့ရပါ၏။ တိကျမှုနှင့် မေတ္တာတရား တစ်ပိုင်းစီ မျှတစွာဆောင်ရွက်မှုသည် လုပ်ငန်းဆောင်တာများတွင် အလွန်မှ အရေးကြီးလှပါ၏။ လုပ်ငန်းဆောင်တာများကို တိကျမှု တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရပါ။ သို့သော် တိကျမှု စည်းကမ်းစနစ် မပါဘဲနှင့်လည်း အောင်မြင်မည်မဟုတ်ပါ။

ဤအကြောင်းခြင်းရာတို့သည် ဒေါက်တာ အဲလစ်ဘလဲ Dr. Alice Blair၏ ကိုယ်တွေ့ကိစ္စလည်း ဖြစ်ပါ၏။ ဒေါက်တာဘလဲသည် ၁၉၇၁ ခုနှစ်က ချီကာဂိုမြို့ရှိ ဂျော့မနီရေး အခြေခံမူလတန်းကျောင်းတွင် ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့၏။ သူ ကျောင်းအုပ်အဖြစ် ဆောင်ရွက်စဉ် တွေ့ရသော ဆယ်ကျော်သက် အရွယ်သာရှိသေးသည့် ကလေးများသည် ခန်းမကြီးအတွင်းဝယ် ဝိုင်အရက်များကိုပင် သောက်တတ်ကြပြီး ကျောင်းပြတင်းပေါက်မှ ပစ္စည်းမျိုးစုံကို လွှင့်ပစ်တတ်ကြသည်ဟု ဆိုပါ၏။ ထိုဖြစ်ရပ်ကို နောက်ပိုင်း ဒေါက်တာဘလဲက ပြန်ပြောရာတွင်–

"ကျွန်မ အဲဒီကျောင်းမှာ ဘာလုပ်လဲဆိုတော့ တိကျပြတ်သားစွာ ဆောင်ရွက်မှုနဲ့ မိခင်စိတ်ကို အဲဒီကျောင်းမှာ မျှမျှတတ

ဖြစ်အောင် လုပ်ပေးရတာပါပဲဟုဆို၏။ ဒီလုပ်ဆောင်မှုဟာ မာရေကြောရေရှိတဲ့ ကျောင်းသားလေးများကအစ ကျွန်မကို ရိုသေလေးစားမှုပြလာကြတယ်။ ကျွန်မကလည်း သူတို့ကို ယုယမှုတွေ ပေးအပ်ပါတယ်။ ငယ်ရွယ်တဲ့ ကလေးတွေဟာ ယုယ ကြင်နာမှုတွေကို ကြည်နူးနှစ်သက်ကြပါတယ်" ဟု ဆိုခဲ့၏။

ဒေါက်တာ ဘလဲက "ကလေးတွေကို ပြုပြင်ရာမှာ တိကျမှုလိုအပ်ပါတယ်။ ကျွန်မပြောချင်တာက အကယ်၍များ ဘုရားသခင်ဟာ မသိကျိုးကျွံပြုဖို့အတွက် ပညတ်တော်ဆယ်ပါးကို ဟောတာဆိုရင် အစကတည်းက အကြံပေးချက်ဆယ်ပါးလို့ အမည်ပေးခဲ့မှာအမှန်ပါပဲ။ ပညတ်တော်ဆယ်ပါးလို့ အမည်ပေးခဲ့တာဟာ တိတိကျကျ လိုက်နာစေချင်တဲ့သဘော ပါပါတယ်" ဟုလည်း ဆိုခဲ့ပါ၏။

ထို့ကြောင့် ကိစ္စရပ်များကို အကောင်အထည်ဖော်ရာတွင် အမှားနှင့် အမှန်ကို ရောထွေးမသွားစေဘဲ တိကျမှုကိုရော မေတ္တာစေတနာကိုပါ မျှမျှတတ အသုံးပြုသင့်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် မိတ်ဆွေများနှင့် ဆက်ဆံရာတွင် တိကျမှုနှင့် စေတနာကို မျှတစွာ အသုံးပြုရမည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------------

----------------------------------------

----------------------------------------

----------------------------------------။

ထိပ်တန်းသို့ တက်လိုသူတိုင်းသည် မကောင်းရာ မကောင်းကြောင်းသဘောတရားကို သိရှိတတ်ရန်လိုအပ်ပါ၏။ ထိပ်တန်းသို့ တက်လိုသူတိုင်းသည် ယင်းသဘောတရားကို သိထားရန်လိုအပ်ပါ၏။ လူ့ဘဝတွင်သာမက သတ္တလောက၊ ဩကာသလောကနှင့် သင်္ခါရလောကကြီး သုံးပါးစလုံးသည် အချင်းချင်းဆက်နွယ်ကာ သဟဇာတဖြစ်၍ ရှင်သန်နေခြင်းဖြစ်ပါ၏။

တစ်ခါကမူ ပုဂ္ဂိုလ်တစ်ဦးက "လူ့တစ်ဦး၏ဘဝသည် အခြားသူများပေါ်တွင် မှီခိုနေရခြင်းဖြစ်သည်" ဟု ပြောဆိုခဲ့ဖူးပါ၏။ သင်မနေ့ညနေက ကြော်စားသော ဘဲဥအကြောင်းကို စဉ်းစားလျှင်ပင် ယင်းဘဲဥနှင့်ပတ်သက်၍ ကျေးဇူးတင် ဆက်နွယ်မှုတွေ အများကြီး ရှိနေပါ၏။

မနေ့ကဘဲဥကို ကြက်သွန်ဖြင့် ရောကာ ကြော်စားခဲ့သော ကြောင့် ပြီးခဲ့သောညက သင်၏ ဆာလောင်နေသော ဗိုက်သည် အေးချမ်းမှုရကာ တစ်ညလုံးလည်း ကောင်းစွာ အိပ်ပျော်နေခဲ့ပါ၏။

ထိုဘဲဥကိစ္စကို စဉ်းစားပါက ထိုဘဲဥကို ဈေးထဲမှ ရပ်ကွက်ကုန်စုံဆိုင်က ရောင်းလိုက်ခြင်းဖြစ်၏။ ရပ်ကွက် ကုန်စုံဆိုင်သည် ထိုဘဲဥကို သံဈေးမှ ဝယ်၍ ရောင်းခြင်းဖြစ်သည်။ သံဈေးသို့ သနပ်ပင်မှ ကုန်တင်ကား တစ်စီးဖြင့် ရောက်လာခြင်းဖြစ်၏။ သနပ်ပင်ရှိ ဘဲဥကုန်ဒိုင်တစ်ခုမှ သံဈေးသို့ပို့လိုက်ခြင်းဖြစ်သည်။

သနပ်ပင်နှင့်ကမာစဲအကြားရှိ တဲများတွင်နေသော ဘဲမွေးသမားများက ထိုဘဲများကို လွှန်ခဲ့သော ခြောက်လကျော်မှ စ၍ မွေးမြူထားခြင်းဖြစ်၏။ ထိုဘဲများကို မွေးသူကမွေး၊ ကျောင်းသူက ကျောင်းရ၏။ ဘဲကျောင်းသူကလေးသည် စာသင်ရမည့် အရွယ်ဖြစ်သော်လည်း စာသင်ကြားခွင့် မရှိဘဲ ဘဲကျောင်းနေကြခြင်းဖြစ်သည်။ ထိုဘဲဥနှင့်ပတ်သက်၍ ကျေးဇူးတင်ရမည်ဟု ဆိုပါက ဘဲမွေးသူ၊ ဘဲကျောင်းသူအပါအဝင် ဥပေးလိုက်သော ဘဲကိုပါ ကျေးဇူးတင်စရာရှိပါ၏။

ထိုဘဲဥ ရန်ကုန်သို့ ရောက်လာသော ခရီးတစ်လျှောက်တွင် ကုန်တင်သူတို့ကတင်၊ ချသူတို့ကချဖြင့် လူများစွာ ပါဝင်ပတ်သက်ပြီးမှ သင့်ရပ်ကွက်မှဈေးသို့ ဘဲဥရောက်လာခြင်းဖြစ်၏။ တစ်ဖန်

ထို ဘဲမွေးမြူရာတွင် ဘဲကျွေးသော အစာသည် တောင်သူ လယ်သမားတို့ စိုက်ပျိုးသဖြင့်ရရှိလာခြင်းဖြစ်၏။ ထို လယ်သမား များသည် ဘဲစာ၊ ကြက်စာများဖြစ်သော ဖွဲနု၊ သီးနှံများ၊ ငါးမှုန့် များရရှိရန် လယ်ယာလုပ်သားပေါင်းများစွာဖြင့် အလုပ်လုပ်ကြရ၏။ ဘဲဥကိုပို့ဆောင်ပေးသော ကုန်တင်ကားတွင် သုံးသည့် လောင်စာ ဆီကို ရေနံလုပ်သားများက ထုတ်လုပ်ပေးရသည်။ ထိုကားသည် ဂျပန်ပြည်မှ ထုတ်လုပ်သောကားဖြစ်၏။ ထို့ကြောင့် ပစ္စည်းတစ်ခု ဖြစ်ပေါ် မှီဝဲသုံးစွဲမှုအဆင့်ဆင့်ကို ဆင်ခြင်ကြည့်ပါက မဆုံးနိုင် အောင်ဖြစ်နေသည်ကိုတွေ့ရ၏။ ထို့ကြောင့် လူများသည် အခြား သူများပေါ်တွင် မှီခိုနေရသည်ဟုဆိုခြင်းဖြစ်၏။ အစိုးရတစ်ရပ်သည် ပြည်သူများအပေါ်မှီခိုနေရ၏။ ပါတီတစ်ရပ်သည် ပါတီဝင်များအပေါ် မှီခိုနေရသည်။ လောကကြီးတွင် အမှီခိုကင်းကာ တစ်ဦးတည်း နေသူဟူ၍မရှိ။ ဈေးရောင်းသူတို့သည် ဝယ်သူများကို မှီခိုနေရ၏။ ဝယ်သူများကလည်း ရောင်းသောဆိုင်များရှိ ပစ္စည်းများကို ဝယ် ယူစားသုံးနေကြရခြင်း ဖြစ်သည်။ ထိုမှီခိုဆက်နွယ်မှုသည် သဘာ ဓာတဖြစ်မှ တိုးတက်ကြီးပွားမှု ရှိပါ၏။

လူသားဟု ဖြစ်လာပါက ကျွန်ုပ်တို့သည် လူများစွာဖြင့် သဟဇာတဖြစ်မှ မကင်းကြပါ။ ထိုအသိလေးကို ဦးခေါင်းထဲတွင် ထည့်ထားပါက ကျွန်တော်တို့သည် မိတ်ဆွေပျက်မှု၊ စိတ်ဆိုးမှု၊ ရန်လိုမှုကိစ္စများ အတော်ပင်လျော့သွားမည် ဖြစ်ပါ၏။ ကျွန်တော်

တို့၏ မိဘများ၊ ဆရာများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ဇနီး၊ ခင်ပွန်းများသည်လည်း ကျေးဇူးမကင်းရာမကင်းကြောင်း ပုဂ္ဂိုလ်များသာ ဖြစ်ပါ၏။

လူသားတို့သည် မည်သူမျှ တစ်ဦးတည်း အထီးကျန် အမှီခိုကင်းစွာ နေထိုင်ကြသည် မဟုတ်ကြပါ။ အပြန်အလှန် မှီခို၍ နေကြရသူများ ဖြစ်ပါ၏။

ကမ္ဘာကြီးသည် တိုးတက်ဖွံ့ဖြိုးလာသည်နှင့် မှီခိုမှုလမ်းကြောင်း၊ အပြန်အလှန် ဆက်သွယ်မှု လမ်းကြောင်းများသည် ကျယ်ပြန့်လာပါ၏။ ဆက်သွယ်မှုအားလုံးသည် သဟဇာတဖြစ်ရန် လိုအပ်ပါ၏။ သဟဇာတ မဖြစ်သော ဆက်သွယ်မှုသည် ဆုံးရှုံးရတတ်၏။ သဟဇာတသည် အလှကိုဖန်တီးမှု၊ အကျိုးကိုပျိုးထောင်မှု ဖြစ်၏။ ဤစာအုပ်၏အဖုံးကို ဂျာမနီမှလာသော စက်ဖြင့် ရိုက်နှိပ်ခြင်းဖြစ်ရာ မြန်မာနိုင်ငံတွင် စာအုပ်တစ်အုပ်ဖြစ်ရေး၊ ကြော်ငြာတံဆိပ်တစ်ခုရရှိရေးအတွက် ဂျာမနီနိုင်ငံမှ ပုံနှိပ်မှင်၊ ပုံနှိပ်စက် ထုတ်လုပ်သူများလည်း မကင်းဘဲရှိရာ ဤကမ္ဘာကြီးသည် မကင်းရာမကင်းကြောင်းတရားများနှင့် ရစ်နှောင်ဖွဲ့စည်းထားသော ကမ္ဘာဟုဆိုပါကလည်းမမှားနိုင်ပါ။ သင်သည် ကိစ္စတစ်ရပ်ကိုလုပ်ဆောင်ရန် စဉ်းစားတိုင်း မကင်းရာမကင်းကြောင်း အစဉ်တရားကို ထည့်သွင်း

စဉ်းစားက၊ ယင်းကိစ္စကို သဟဇာတဖြစ်အောင် ဆောင်ရွက်ပါက သင့်အား မကြာမီ ထိပ်တန်းတွင် တွေ့မြင်နိုင်မည်ဖြစ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် ငါ၏ အနီးတွင် ရှိသူများနှင့် သဟဇာတဖြစ်အောင် ဆက်ဆံမည်။

၂။ ယနေ့မှစ၍ ငါသည် -----------------------------
-------------------------------------------------
-------------------------------------------------
------------------------------------------------။

| |
|---|
| သဟဇာတ ဖြစ်မှုသည် လောက၏ အလှတရားဖြစ်သည်။ |

# ၉။ လူငယ်များ

ကျွန်တော်တို့သည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုး တိုးတက်စေရန် အတွက်လည်းကောင်း၊ မိသားစု တစ်စု အမွေ ဆက်ခံရန်အတွက် လည်းကောင်း လူငယ်များ၏ အင်အားကို အသိအမှတ်ပြုကြဖို့ လိုပါ၏။ လူငယ်များအပေါ် အဆိုးမြင်ဝါဒများကို ဖျောက်၍ ယင်း တို့အား ပြုပြင်လိုသော စိတ်ဓာတ်များဖြင့် ထိန်းကျောင်းကြရန် လိုအပ်ပါ၏။ လူငယ်များအား ကျွန်တော်တို့သည် အဆိုးတရားများ ဆီသို့ တွန်းမပို့မိစေရန် အလွန်မှ အရေးကြီးပါ၏။

"ကလေးများသည် မိဘများ၏ ဆိုစကားများကို မနာခံကြ တော့၊ သူတို့သည် အစာစားလျှင်လည်း ပလုပ်ပလောင်း စားနေ

ကြပြီ”ဟု အခြားသူတစ်ယောက်က ပြောသံ ဆိုသံ ငြီးသံကို သင်ကြားဖူးမည်ဖြစ်ပါ၏။ ဤစကားမျိုးကို လူကြီးများ၏စကားဝိုင်းတိုင်းလိုလိုတွင် ကြားရတတ်၏။ အချို့လူကြီးများကဆိုလျှင် မပြောချင်တော့ပါဘူး၊ မဆုံးမချင်တော့ပါဘူး ဟူ၍ပင် ပြောတတ်ကြ၏။

အထက်ပါစကားကို ယနေ့မှပင် လူတွေပြောနေကြသည်ဟုထင်ပါသလား။ လမ်းသရဲနှင့် ဟစ်ပီများ ပေါ်လာမှ ဒီလိုအပြောမျိုးများ ပြောလာကြသည်ဟု ထင်ပါသလား။ မဟုတ်ပါ။ အထက်ပါစကားသည် လွန်ခဲ့သောနှစ်ပေါင်းလေးထောင်ခန့်က နိုင်းတောင်ကြားဒေသ The Nile Valley တစ်နေရာတွင် ရေးသားထားခဲ့သည့်စာသားကို ဖော်ပြချက်သာဖြစ်ပါ၏။

ယခုခေတ် ယခုကာလမှမဟုတ်၊ အလွန်ကြာမြင့်သောကာလကပင် ခေတ်အားလုံးတွင် အဆိုးရွားဆုံး၊ အသေးသိမ်ဆုံးဟု ယူဆရသောလူများ သမိုင်းစဉ်တစ်လျှောက်တွင် အစဉ်ရှိနေတတ်ပါ၏။

ယနေ့ခေတ်တွင်လည်း မည်သည့်နိုင်ငံတွင်မဆို ဒီကလေးတွေကတော့ အနာဂတ်ကင်းမဲ့နေတဲ့သူတွေပဲဟု လက်ညှိုးထိုး ပြောဆိုနိုင်သောသူများ ရှိတတ်ကြပါ၏။ ကျွန်တော်တို့နိုင်ငံတွင် ကလေးတွေဟာ စာရိတ္တချွတ်ယွင်းလာပြီဟု ပြောဆိုသောအချိန်တွင် လူကြီးတွေလည်း စာရိတ္တအကောင်းချည်း မဟုတ်ကြပါ။ ကလေးတွေဆိုဆုံးမခက်လာသည်ဟုပြောကြ၏။ သို့သော် လူကြီးများ ဆိုဆုံးမ

ခက်ပါက ထိုသို့ ပြောချိန်ပင် မရကြတော့ပါ။ လူငယ်များအပေါ် အပျက်မြင်သဘောသည် ရာစုနှစ်ပေါင်းများစွာ ပူးဝင် စွဲကပ်နေခဲ့ပါ၏။ မကြာခဏ လူငယ်များအားကြည့်၍ ကျွန်တော်တို့သည် မည်သည့်အဆင့် လမ်းကြောင်းသို့ ရောက်နေပြီဟု တွေးတတ်ကြ၏။ ၁၉၆၀ ခုနှစ်မှ ၁၉၇၀ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင် လူငယ်များအားကြည့်ကာ အမေရိကန်နိုင်ငံ၏ အနာဂတ်သည် မရှိတော့ပြီဟု ဆိုခဲ့ကြပါ၏။ သို့သော်လည်း ပြောသလောက် ဖြစ်မလာခဲ့ပါ။

ချိန်သီးသည် ဘဝအမြင့်ကိုရှာဖွေရာတွင် ပို၍ ကျိုးကြောင်းဆီလျော်သော ပစ္စည်းတစ်ခုဖြစ်ပါ၏။ ချိန်သီးသည် အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်ဖြင့် ရှိပါ၏။ သို့သော် ပြုတ်ကျသွားသည်ဟူ၍ မရှိပါ။

မိဘများသည် ကလေးများအား ရိုသေတတ်မှုရှိအောင်၊ စည်းစနစ်ဖယားရှိအောင် ပေါ်ပေါ်လွင်လွင် မပြုရန်၊ စိတ်ရှည်လက်ရှည် ငယ်စဉ်မှစ၍ သင်ကြားပေးရန် လိုအပ်ပါ၏။ သင်ကြားမှုကိစ္စ မိမိဘက်မှ ချွတ်ယွင်းပြီး ဖြစ်မလာသည်ကို ကလေးများအား ပုံချ၍ မဖြစ်ပါ။ လူငယ်များအတွက် နိုင်ငံတော်မှ သင်ကြားလမ်းညွှန်မှု၊ မိဘမှ သွန်သင်မှုများသည် အမြဲလိုနေပါ၏။ ပုဂ္ဂိုလ်တစ်ဦးက "ပါတီတွေဟာ အသက် ၁၈ နှစ်ပြည့်ရင် လူငယ်တွေကို သူတို့ပါတီထဲ

ဝင်ဖို့အတွက်ပဲစိတ်ဝင်စားတယ်။ ၁၈ နှစ်မပြည့်မီသေးတဲ့ ကလေးများအတွက် ပါတီက ဘာတွေ ဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်ထားရှိတဲ့ ပါတီက အလွန်နည်းတယ်" ဟု ဆိုဖူးပါ၏။

မည်သို့ပင်ဆိုစေ ယနေ့ခေတ်လူငယ်များသည် ကျွန်တော်တို့ထက် ဉာဏ်ရည်ထက်မြက်သည်ကား အမှန်ပင်ဖြစ်ပါ၏။ ထို့ထက်သေချာသောအရာကား ယနေ့လူငယ်များသည် ကျွန်တော်တို့ထက် **ဗဟုသုတ ကြွယ်ဝကြခြင်း** ဖြစ်ပါ၏။ ကျွန်တော်တို့သည် အသက် ၄၀ **ကျော်မှ တီဗွီနှင့်** ဗွီဒီယိုကို မြင်ဖူးကြသော်လည်း **သူတို့သည်** မွေးကတည်းက တီဗွီ၊ ဗွီဒီယို၊ ကွန်ပျူတာ စသည်တို့ဖြင့် မွေးဖွားလာခြင်း ဖြစ်ပါ၏။ လူငယ်များကို ကျွန်တော်တို့သည် အကောင်းမြင်ဝါဒဖြင့် ပြုပြင်ကြရမည် ဖြစ်ပါ၏။ ပြုပြင်၍မရတော့**သော** လမ်းဆုံးသို့ရောက်သွားသည့်လူငယ်ဟူ၍ မရှိကြပါ။

လူငယ်များကို အကောင်းမြင်မှုရှိရန် လိုပါ၏။ အနာဂတ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စများသည် လူငယ်များနှင့် ဆက်စပ်နေပါ၏။ လူငယ်များသည် သင်၏ စီးပွားရေး၊ လူမှုရေးနှင့်လည်း ဆက်စပ်နေပါ၏။ သင့်သားသမီးများသည်ပင် သင့်စီးပွားရေး၊ ဘဝင့်တည်ဆောက်မှုများကို ဆက်ခံရန်သို့မဟုတ် သင့်လက်ထက်၊ သင့်ဘဝတွင် မဆောင်ရွက်နိုင်ခဲ့မှုများ၊ အောင်မြင်မှု မရသည့်အရာများကို သင့်သားသမီးများအား ဆွတ်ယူရေးအတွက် တာဝန်ပေးရန် သင့်ကလေးအပါအဝင် လူငယ်များ

အား ပြုပြင်ပါ။ လူငယ်များအပေါ် အကောင်းမြင်ပါ။ သင်လည်း လူကောင်းတစ်ယောက် ဖြစ်လာကာ သင့်ကိုလည်း မကြာမီ အထက်တွင် မြင်တွေ့ရတော့မည် ဖြစ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် ငါနှင့် တွေ့ကြုံနေရသော လူငယ်များ၏ ကောင်းကွက်ကို ရှာဖွေမည်။ ယင်းတို့ စည်းကမ်းရှိသေမှုနှင့် တာဝန်သိမှု သဘောတရားများကို သိရှိနိုင်ရန် ဆောင်ရွက်မည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------
------------------------------------------------
------------------------------------------------
----------------------------------------------။

> နိုင်ငံတစ်နိုင်ငံ၏ လူငယ်ထုသည် နောင် သားစဉ်မြေးဆက်တို့၏ ဘဏ္ဍာထိန်းများ ဖြစ်သည်။
>
> ဘင်ဂျမင် ဒစ်ဇရေးလီး
>
> Benjamm Disraeli

# ၁၈။ ကြင်နာခြင်း

ကျွန်တော်တို့ လူမျိုးသည် ကြင်နာသနားတတ်သော လူမျိုးဖြစ်၏။ ဖက်ဆစ်ဂျပန်တို့သည် ကျွန်တော်တို့အား နှိပ်စက်ခဲ့ကြသည်။ သို့သော် ဂျပန်များ စစ်ရှုံး၍ အပြေးတွင် မြန်မာမိသားစုသည် ဂျပန်စစ်သား အများအပြားအား စောင့်ရှောက်ခဲ့ကြ၏။ ကျွန်တော်တို့အဘိုးသည် ယာတဲတစ်ခု၌ ဂျပန်တစ်ဦးအား ဝှက်၍ထားခဲ့သည်ကို ကျွန်တော်မှတ်မိခဲ့ပါ၏။ ယခု နှစ်ပေါင်း ၃၀ မှ ၄၀ ကြာလာသောအခါ ယခင် ဂျပန်များကို ဝှက်ပေး ကူညီပေးခဲ့သော မိသားစုများအား ဂျပန်စစ်သားများသည် မြန်မာနိုင်ငံသို့ လာရောက်ကာ ယင်းတို့အား ရှာဖွေအကူအညီပေးခဲ့၏။ ပြီးခဲ့သောနှစ်က ဂျပန်တစ်စု ရောက်လာပြီး ပဲခူးရိုးမပေါ်မှ ရွာလေး တစ်ရွာအား ရှာဖွေသွားရောက်ကာ လူတစ်ဦးအား မေးမြန်းခဲ့၏။ ထိုသူမှာ လွန်ခဲ့သောနှစ်ကပင် သေဆုံးသွားပြီဖြစ်ရာ ထိုဂျပန်များက ယင်း

ကွယ်လွန်သူ၏ သားသမီးများအား ကူညီ စောင်မ ပေးကမ်းမှုများ ပြုခဲ့၏။ ထိုသူမှာ ဂျပန်များအပြေးတွင် တစ်ချိန်က ကူညီခဲ့ဖူးသူဟု ဆိုပါ၏။

ဒုက္ခရောက်သူတို့အား ကြင်နာသနားကြရန် ဘာသာတရား အားလုံးကလည်း သင်ကြားမှု ပြုပါ၏။

၁၈ ရာစုက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ဒေါက်တာ ပီနဲ (Pinel)ဆိုသူ ရှိခဲ့၏။ ပြစ်မှုကျူးလွန်ခြင်းမရှိသော ပုဂ္ဂိုလ်တစ်ဦး အား လွဲမှား၍ ထောင်ချလိုက်ရာ ထိုသူမှာ ဘာမျှခုခံနိုင်စွမ်းမရှိဘဲ ဖြစ်ခဲ့၏။ တရားရုံးချုပ်မှ ထောင်သို့ ရထားလုံးဖြင့် သွားရာတွင် လည်း လူများက ထိုသူအား လှောင်ပြောင်ခဲ့ကြ၏။ ထိုသူ၏ အမည်မှာ ရှယ်ဗစ်ညီ Chevigne ဆိုသူဖြစ်၏။ ရှယ်ဗစ်ညီသည် ရထားပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်ချိန်တွင် ဒေါက်တာ ပီနဲက ရှယ်ဗစ်ညီ၏ မျက်လုံးများကို ကောင်းစွာမြင်လိုက်ရ၏။ ရှယ်ဗစ်ညီ၏ မျက်လုံးများထဲတွင်ရှိနေသော ကြီးမားသော စိတ်ထိ ခိုက်မှုများကို ဒေါက်တာပီနဲ တွေ့လိုက်ရ၏။ ထိုအခါ ဒေါက်တာ ပီနဲ၏ ရင်ထဲတွင် ကြင်နာစိတ်များဖြစ်ပေါ်လာကာ သူ၏ အရေး ကြီးသော ကိစ္စများကို ခေတ္တထား၍ ရှယ်ဗစ်ညီ၏ အမှုကိစ္စကို ဆောင်ရွက်ပေးရင်း ရှယ်ဗစ်ညီအား ထောင်ထဲမှ ဆွဲထုတ်ပေးခဲ့၏။

ဒေါက်တာပီနဲသည် စိတ်ရောဂါကု ဆရာဝန်တစ်ဦးဖြစ်၏။ တစ်ချိန်တွင် သူ၏ စိတ်ရောဂါနှင့် ပတ်သက်သော ကုထုံးတစ်ခု

အတွက် လူများက ဝိုင်း၍ ကန့်ကွက်ခဲ့ကြ၏။ သူ၏ကုထုံးကို မလိုလားသော လူတစ်စုက ဒေါက်တာပီနဲ့အား ဝိုင်းထားစဉ် အုပ်စုထဲမှ လူတစ်ဦးထွက်လာပြီး ဒေါက်တာပီနဲ့အား ဘေးကင်းရာသို့ ခေါ်သွားခဲ့ပါ၏။

ထိုအခါ ဒေါက်တာပီနဲ့က "ကျေးဇူးတင်ပါတယ်ဗျာ" ဟု ဆိုသောအခါ ထိုသူက "ကိစ္စမရှိပါဘူး၊ ကျွန်တော့်အသက်ကို ဒေါက်တာကယ်ခဲ့ဖူးပါတယ်" ဟု ဆိုပါ၏။

"ခင်ဗျားအသက်ကို ကျုပ်ကယ်ခဲ့ဖူးတယ် ဟုတ်လား။ ဘယ်တုန်းကလဲ။ ခင်ဗျားက ဘယ်သူလဲ"

"ဒေါက်တာ ကျွန်တော့်နာမည်က ရှယ်ဗစ်ညီပါ၊ ဆရာကျွန်တော့်ကို ထောင်ထဲက ထုတ်ပေးခဲ့ဖူးတယ်လေ" ဟု ဆိုပါ၏။

အလားတူပင် ဒေါင်းဖတ်စာ ပုံပြင်ထဲ၌ ခြင်္သေ့ကြီးက ကြွက်ငယ်အား မသတ်ဘဲ လွှတ်လိုက်ရာ တစ်နေ့ ခြင်္သေ့မင်း မှဆိုးထောင်ထားသော ပိုက်ကွန်ထဲတွင် မိနေချိန် ထိုကြွက်က လာ၍ ပိုက်ကွန်ကို သူ၏ သေးငယ်သော သွားများဖြင့် ကိုက်ဖြတ်ပေးခြင်းဖြင့် ခြင်္သေ့ကြီး သေဘေးမှ လွတ်ခဲ့ပါ၏။

ထို့ကြောင့် လူ့ဘဝတွင် ကြင်နာစိတ်ကို မွေးမြူပါ။ ကြင်နာသနားစိတ်ရှိပါ။ ကြင်နာသနားတတ်အောင် ကြိုးစားပါ။ သင်သည်

မှန်ကန်သည်ဟု ယူဆသောအရာကို စေတနာ မေတ္တာစိတ်ဖြင့် ဆောင်ရွက်ပေးပါ။ သင့်ထံသို့ ကောင်းကျိုးများ ရောက်လာမည်မှာ အမှန်ဖြစ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါနှင့် ကြုံကြိုက် ဆုံစည်းသမျှ လူများအား အကြင်နာတရား မေတ္တာတရားနှင့် ဆက်ဆံပါမည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------

------------------------------------------------

------------------------------------------------

------------------------------------------------။

| |
|---|
| ကြင်နာခြင်းဆိုသည်မှာ လူအများ ခံစားထိုက်သော မေတ္တာ တရားထက် ပိုလွန်၍ ပေးအပ်ခြင်းဖြစ်၏။ |

# ၁၁။ စည်းကမ်း

ထိပ်တန်းသို့တက်လိုသော် စည်းကမ်းတကျ ပြုလုပ်ခြင်းကို မိမိကိုယ်မိမိ ပြုလုပ်ပါ။ သူများတကာက စည်းကမ်းများပြုလုပ်လျှင် တင်းကျပ်ခြင်း၊ ကန့်သတ်ခြင်း၊ ချုပ်ချယ်ခြင်းဟူ၍ ထင်တတ်ကြ၏။ တစ်ပါးသူကပြုလုပ်သော စေတနာချို့တဲ့သည့် စည်းကမ်းများသည် အမှန်ပင် တင်းကျပ်မှု၊ ကန့်သတ်မှု၊ ချုပ်ချယ်မှုများပင် ဖြစ်ပါ၏။ ထို့ကြောင့် မိမိသည် စည်းကမ်းပြုလုပ်သူဖြစ်ပါက စည်းကမ်းတွင် စေတနာပါရန် ကြိုးစားပါ။

မိမိအတွက် မိမိပြုလုပ်သော စည်းကမ်းများအား စေတနာပါသည် မပါသည်ကို ဆန်းစစ်ရန် မလိုပါ။ မိမိအတွက် မိမိသည် ထာဝစဉ် စေတနာရှိနေသောကြောင့် ဖြစ်ပါ၏။ လူ့ဘဝတွင် စည်းကမ်းနှင့် နေထိုင်သူအဖြစ် ပျိုးထောင်ရန် လိုအပ်ပါ၏။ စည်းကမ်းကို မိမိဘာသာ ပြုလုပ်ပါက အသက် အတော်အတန်ရမှ

ပြုလုပ်နိုင်၏။ တစ်နည်းဆိုရသော် လူမှန်းသိမှ မိမိစည်းကမ်းကို မိမိ ပြုလုပ်နိုင်မည်ဖြစ်၏။ အချို့စည်းကမ်းများသည် ထိုအချိန်ထိ စောင့်နေ၍ မရပါ။ ငယ်ရွယ်သူတို့အတွက် စည်းကမ်းများကိုကား မိဘများ၊ ဆရာများက ပြုလုပ်ပေးကြရမည် ဖြစ်သည်။ မိမိ၏ ကလေးကို စည်းကမ်းကျနအောင် ဆုံးမသွန်သင်ခြင်းမရှိသော မိဘ တို့သည် ချွတ်ယွင်းမှုရှိသူများဖြစ်၏။ အချို့သောမိဘတို့က မိမိတို့ ကိုယ်တိုင်က စည်းကမ်းမရှိသဖြင့် ကလေးအားလည်း စည်းကမ်း မတည်ဆောက်ပေးနိုင်သည်ကို သားလေး သမီးလေးအား အလို လိုက်ခြင်း ဖြစ်သယောင် ဖုံးကွယ်ထားတတ်၏။

အချို့မိဘတို့ကလည်း ကလေးအား စည်းကမ်းဖြင့် ပုံစံကျ အောင် ပြုလုပ်ပါက ကလေးအပေါ် အချစ်ပြယ်မည်ကို စိုးရွံ့တတ် ကြ၏။ ဤသည်လည်း အမှားပင်ဖြစ်၏။

လက်တွေ့တွင် သားသမီးတို့အား လွှတ်ထားမှုသည် မိဘ၏ ထိန်းကွပ်မှု ပျက်ပြယ်ပြီး သားသမီးတို့ဘက်မှ လေးစားမှုရော၊ မေတ္တာပါ လျော့ရဲ လျော့နည်းတတ်သည်ကို တွေ့ရ၏။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ကလေးသည် မိဘအပေါ် ယုံကြည်ကိုးစားခြင်း ပျက်ပြယ်ရုံသာမက လုံခြုံမှုပါ ပပျောက်သွားတတ်၏။ လုံခြုံမှုဆို သည်မှာ မိမိအား မည်သူ ထိန်းကွပ်နေသည်ဆိုသော နားလည်မှု ဖြစ်၏။ ထိုနားလည်မှု မရှိပါက မိမိအား ဘယ်သူက ထိန်းချုပ် နေသည်ကို မသိဘဲ လုံခြုံမှု ပျောက်နေရတတ်၏။ လုံခြုံမှုသည်

မိမိအား ဘယ်သူက ထိန်းချုပ်နေသည်ဟုဆိုသော အသိတရားနှင့် ယှဉ်နေပါ၏။

ကောလိပ်ကျောင်းသို့ ရောက်လာစတွင် မိဘ၏ ထိန်းချုပ်မှု ကင်းလွတ်ကာ ဟာလာဟင်းလင်းကြီး ဖြစ်သွားသည်ကို လူများ ကြုံဖူးကြမည်ဖြစ်ပါ၏။ ထိန်းချုပ်မှုမရှိပါက ကလေး၏စိတ်ဓာတ် သည် လုံခြုံမှု အားနည်းကာ ဆိုးကျိုးတရားများ ကြီးမားလာ တတ်၏။

ဤကိစ္စသည် **သာမန်မဟုတ်**။ မိမိအနေနှင့် အမိန့်နာခံရမည့် ပုဂ္ဂိုလ်အား **ရှိသေမှုကင်းမဲ့ခြင်း** အလေ့အကျင့်၏ အစလည်းဖြစ်၏၊ ဤအလေ့အကျင့်သည် နောင်တွင် နိုင်ငံတော်၏အာဏာကို ဖီဆန် တော်လှန်သည်အထိ မျိုးစေ့ တည်သွားနိုင်သည်ဟု ဇစ်ဇဂလာ ဆိုသော ပုဂ္ဂိုလ်ကြီးက ဆိုဖူးပါ၏။

မိဘနှင့် ဆရာများက လူငယ်များအတွက် စည်းကမ်းစနစ်နှင့် မိမိကိုယ်မိမိ လေးစား ယုံကြည်မှုများကို တည်ဆောက်ပေးပါက ဆိုးကျိုးတရားများစွာကို ရှောင်လွှဲနိုင်မည်ဖြစ်သည်။

ကလေးများသည် လူကြီး မိဘ ဆရာသမားတို့အား

"ကျွန်တော်/ကျွန်မတို့ကို သတိထားပါ"

"ကျွန်တော်/ကျွန်မတို့ကို ချစ်ပါ"

"ကျွန်တော်/ကျွန်မတို့ လုပ်သမျှကို ဂရုစိုက်ပါ" ဟု ရှင်းလင်း ပြတ်သားစွာ နေ့စဉ် တောင်းဆိုနေကြ၏။

မိဘတို့က ကလေးများအားသတိထားပါ။ ချစ်ခြင်းမေတ္တာကို ပေးအပ်ပါ။ သူတို့ လုပ်သမျှကို ဂရုစိုက်၍ အမှား အမှန် ခွဲခြား ပေးပါက ကမ္ဘာကြီးတွင် လူကောင်းများစွာ ပေါ်ထွန်းလာနိုင်ပါ၏။

မိဘများနှင့် ဆရာသမားများခင်ဗျား ကလေးများအား စည်းကမ်းစနစ် တည်ဆောက်ပေးခြင်းသည် နိုင်ငံတော်အား တည်ဆောက်နေခြင်းနှင့် အတူတူပင်ဖြစ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် လူငယ်တစ်ဦး၏ စည်းကမ်းကို ငါ၏ စေတနာနှင့် တွဲဖက်၍ အကောင်အထည်ဖော်ကြည့်မည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------
------------------------------------------------
------------------------------------------------
------------------------------------------------။

> ကလေးကို ချစ်သော မိဘသည် ကလေးလုပ်စေချင်သည်ကို လိုက်မလုပ်ဘဲ ကလေးအတွက် လိုအပ်သည်များကို လုပ်ခွင့် ပေးသည်။

## ၁၂။ အမုန်းတရား

လောကတွင် အမုန်းတရားရော ချစ်မေတ္တာတရားတို့ပါ လူတို့နှင့်အတူ ရှိနေ၏။ လူတိုင်းသည် မေတ္တာတရားကို ပွားများအောင်လုပ်၍ အမုန်းတရားကို လျော့ပါး ကင်းစင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့သော် လက်တွေ့တွင် မေတ္တာတရားလျော့ပါး၍ အမုန်းပွားနေသူများလည်း ရှိနေပါ၏။

တစ်ခါက အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်မှ အမျိုးသမီးကြီးတစ်ဦးသည် ခွေးကိုက်ခံရ၏။ ထိုအခါ အမျိုးသမီးကြီးသည် ချက်ချင်း ဒေါသတကြီးနှင့် စာများကိုရေးချနေပါ၏။ ဆရာဝန်က "အစ်မကြီးခင်ဗျား၊ အခု ခွေးကိုက်ခံရတဲ့ ကိစ္စဟာ သေတမ်းစာချက်ချင်းရေးရလောက်အောင် ပူပန်စရာကိစ္စမဟုတ်ပါဘူး။ ဆေးတစ်လုံး ထိုးပေးရုံနဲ့ ရောဂါအတွက် စိတ်ချနိုင်ပါတယ်" ဟု ပြောသောအခါ အမျိုးသမီးကြီးက ဆရာဝန်အား မျက်နှာထိ မျက်နှာ

ထားနှင့်ကြည့်ကာ "ကျွန်မ သေရမှာ ကြောက်လို့ စာရေးနေတာ မဟုတ်ဘူး။ ကျွန်မကို ဆေးထိုးမပေးခင် ကျွန်မ ခွဲးကိုက်ခံရသလို ကျွန်မ ဒီနေ့ လိုက်ကိုက်ပစ်လိုက်မယ့်လူစာရင်းကို ချရေးနေတာရင့်" ဟု ပြန်ပြောသည်ဟု ဆိုပါ၏။

ဤဖြစ်ရပ်တွင် လူများသည် အမုန်းတရားများကို မည်မျှပိုက်ထွေးထားကြကြောင်း ပေါ်လွင်ပါ၏။ မိမိ ခွေးကိုက်ခံရသည်ကို ခွေးမကိုက်ခံရသော အခြားသူများအား မိမိကိုယ်တိုင် လိုက်ကိုက်ပစ်တော့မည်ဟူသော ဆုံးဖြတ်ချက် ဖြစ်ပါ၏။

အမုန်းတရားကို ပိုက်ထွေးထားခြင်းသည် မိမိကိုယ်မိမိ ကျဆုံးအောင်ပြုလုပ်ခြင်းဖြစ်ပါ၏။ အမုန်းတရားသည် တက်လမ်းအဘွက် အဟာန့်အတား ဖြစ်ပါ၏။ အမုန်းတရားသည် အောင်မြင်မှုအတွက် အပိတ်အဆို့ပင် ဖြစ်ပါ၏။ အမုန်းတရားသည် ပျက်စီးမှုများကိုသာ ဦးတည်၍ အမုန်းတရား မွေးထားသူ မိမိကိုယ်တိုင်အားလည်း ကြီးမားစွာ လောင်မြိုက်စေပါ၏။

ပုဂ္ဂိုလ်ကြီးတစ်ဦးက "သင့် ရန်သူများအပေါ်လည်း သင်က ခွင့်လွှတ်၍ သူတို့က သင့်အား ခွင့်လွှတ်ဖို့လည်း တောင်းပန်ထားပါ" ဟု ဆိုပါ၏။ အမုန်းတရားကို မပွားများတော့ဘဲ ရှိရင်းစွဲ အမုန်းတရားအားလုံးကို ဆေးကြောသန့်စင်ပစ်ပါ။

သင့်စိတ်ထဲတွင် ရှိသော အမုန်းတရားများ လုံးဝ ကင်းစင်ပပျောက်သွားသောအခါ သင် လုပ်စရာရှိသည့် အလုပ်များသည်

ပို၍ ကောင်းလာမည်၊ ပို၍ အောင်မြင်အောင် လုပ်ဆောင်လာ နိုင်မည်ဖြစ်သည်။

**ထို့ကြောင့်လက်တွေ့ လုပ်ဆောင်ရန်**

၁။ ယနေ့မှစ၍ ငါသည် အငြင်းပွားမှုရှိခဲ့သော ပုဂ္ဂိုလ်များအား ခွင့်လွှတ်ရန် တောင်းပန်၍ ငါကလည်း ခွင့်လွှတ်ခြင်းဖြင့် ငါ၏ စိတ်တွင်းမှ အမုန်းတရားများကို ကင်းစင်အောင် လုပ်မည်။

၂။ ယနေ့မှစ၍ ငါသည် -----------------------

------------------------------------------

------------------------------------------

------------------------------------------။

> အမုန်းတရား ရှိသူတစ်ဦးအတွက် ပစ္စုပ္ပန်တွင် နေထိုင်ရန် ဆိုသည့် ကိစ္စသည် မလွယ်ကူသလို အနာဂတ်၌ နေခြင်း မှာလည်း မိုက်မဲရာကျ၍ အတိတ်တွင် နေထိုင်ဖို့ဆိုသည်ကား ••ည်သို့ ဖြစ်နိုင်ပါမည်နည်း။
>
> ဂျင် ဘစ်ရှော့ပ်
>
> Jim Bishop

# ၁၃။ အားပေးချီးမြှောက်ခြင်း

ကျွန်တော်တို့သည် ကျွန်တော်တို့ မိတ်ဆွေများနှင့် ကျွန်တော်တို့၏ သားသမီးများအပေါ် အားပေးချီးမြှောက်မှု အလွန်နည်းခဲ့၍ ပိတ်ဆို့မှုများကို အတော်များများလုပ်ခဲ့ကြသည့် မိုက်မဲသူများ ဖြစ်ကြပါ၏။

ကလေးများက ဘောလုံးသွားကန်မည်၊ ရေကူးကန်သို့ သွားမည်ဆိုသော ကိစ္စများတွင် ကျွန်တော်တို့ အကြိမ်ပေါင်းများစွာ ပိတ်ပင်မိခဲ့ကြပါသည်။ ကလေး အမှတ် တစ်စုံတစ်ရာ နည်းသွားသောအခါ အတော်ကြီး အပြစ်တင်တတ်ကြ၍ အနည်းငယ်တက်လာသည်ကို ချီးကျူးအားပေးမှု မပြုဘဲ နေခဲ့ကြပါ၏။

ဘဝတွင် အားပေးမှုသည် ပခုံးနှင့်ထမ်းတင်ခြင်းထက် အရာရောက်ပါ၏။ ဘောလုံး နည်းပြတစ်ဦးက မိမိတို့အသင်း အောင်ပွဲရရေးအတွက် သင်ပြရာတွင် "ကျုပ် ကြိုးစားပြီး သင်ကြားပေး

တာ၊ အားကစားသမားတွေ လေ့ကျင့် ကြိုးပမ်းတာတွေအပြင် အောင်ပွဲရဖို့အတွက် ကျုပ်တို့ မြို့နယ်က ဒေသခံနဲ့ လူကြီးများက လိုက်လိုက်လှဲလှဲ အားပေးဖို့ဆိုတာကလည်း မဖြစ်မနေ လိုအပ်ပါတယ်" ဟု ပြောခဲ့ဖူးပါ၏။ အားကစားပြိုင်ပွဲများတွင် ဒေသခံ အားကစားဝါသနာရှင်များအနေနှင့် ဟစ်အော်အားပေးမှုသည် အသင်းအတွက် **အမှတ်အချိုးတက်လာစေသည်မှာ အမှန်ပင် ဖြစ်ပါ၏။**

ကျွန်တော်တို့သည် နေ့စဉ် နေ့ထိုင် ဆက်ဆံမှုများတွင် ဘဝအတွက် အားပေးချီးမြှောက်မှု၏ စွမ်းရည်ကို သိရှိကာ ယင်းကို အသုံးချရမည်ဖြစ်ပါ၏။ အားပေးချီးမြှောက်မှု၏ သတ္တိကို မသိဘဲ ယင်း သတ္တိအား မိမိ ကိုယ်ကျိုးအတွက် အသုံးမချနိုင်ခြင်းသည် လူတစ်ယောက်အတွက် ရက်စရာဟုပင် တစ်ဦးက ပြောကြားခဲ့ဖူးပါ၏။

**မိဘများက သားသမီးတို့အား ချီးကျူး အားပေးကြရမည်** ဖြစ်၏။ လင်နှင့်မယား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အားပေးနေကြရမည်ဖြစ်၏။ သားသမီးများက မိဘတို့၏ အောင်မြင်မှုများကို အားပေးကြရမည်ဖြစ်၏။ အလုပ်ရှင်နှင့် အလုပ်သမားတို့သည်လည်း ထိုနည်းတူစွာ အပြန်အလှန် အားပေးကြရမည်ဖြစ်သည်။

အားပေးချီးမြှင့်သည့်အလုပ်ကို လုပ်ဆောင်ကြည့်ပါ။ လုပ်ငန်းဆောင်တာများ ပိုမိုတွင်ကျယ်၍ လူတိုင်း ဝင်ငွေပိုကောင်းလာကာ အောင်မြင်မှုများလည်း ရရှိလာမည်ဖြစ်ပါ၏။

ဤအချက်သည် အလွန်ရှင်းသော အချက်ဖြစ်ပါ၏။ ကျွန်တော် ကိုယ်တိုင်သည် မိမိအား အပြစ်တင်သည်ကို မခံချင်သလို ဘယ်သူမှလည်း ခံချင်ကြမည်မဟုတ်ပါ။ ကျွန်တော်သည် ချီးကျူးမှု၊ အားပေးမှုကို ခံယူလိုသကဲ့သို့ အခြားသူများကလည်း ခံယူလိုကြပေရာ ယင်းတို့ အလိုရှိသောအရာကိုပေးခြင်းဖြင့် နှစ်ဦးနှစ်ဖက် မိတ်ဆွေဖြစ်မှုကို ခိုင်မြဲစေပါ၏။

ယနေ့ ဤလောကတွင် ချီးကျူးစရာ တစ်ခုမှမရှိသော လူသားတစ်ယောက်အား အမေများက မမွေးဖူးသေးပါ။ လူတိုင်းတွင် ကောင်းကွက်တစ်ခုတော့ ပါစမြဲဖြစ်ရာ ထိုကောင်းကွက်ကို ရှာဖွေနိုင်သူ၊ ထုတ်ဖော်ပြောဆိုနိုင်သူသည် အောင်ပွဲရသူဖြစ်ပါ၏။

ကျွန်တော်တို့သည် ကျွန်တော်တို့၏ မိတ်ဆွေများ၊ ဆွေမျိုးများ၊ အပေါင်းအသင်းများကို လေးစား အားပေးချီးမြှောက် ဂုဏ်ပြုမှု ရရှိပါက သဘာဝအားဖြင့် နေချင့်စဖွယ်ဖြစ်သော အမိမြန်မာနိုင်ငံသည် စိတ်ပိုင်းဆိုင်ရာအရပါ နေချင့်စဖွယ်ဖြစ်၍ သာယာ စည်ပင်ချမ်းမြေ့သော နိုင်ငံကြီး တစ်နိုင်ငံ မုချ ဖြစ်လာနိုင်ပါ၏။

ဤကိစ္စသည် ငွေကြေး ကုန်ကျမှုမရှိသော ကိစ္စဖြစ်ပါ၏။ သို့သော် အရင်းအနှီးမလို၊ အမြတ်အစွန်း အလွန်မှ များပြားသော ဤအရာကို ဘာကြောင့် လှမ်းမယူဘဲ နေကြပါသနည်း။ ယနေ့ လှမ်းယူကြည့်ပါ။ မနက်ဖြန်တွင် သင့်အား အထက်တွင် တွေ့ရမည် ဖြစ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ငါသည် ယနေ့ ဦး/ဒေါ်---------------၏ အမှန် တကယ် ကောင်းကွက်ကို ရှာဖွေ၍ အားပေး ချီးကျူးစကားကို ရင်တွင်းမှ လှိုက်လှဲ ပျူငှာစွာ ပြောဆိုမည်။

၂။ ယနေ့မှစ၍ ငါသည် ---------------------------------------------------------------------------------------------------------------------------------------------------------------------------။

ဤကမ္ဘာမြေတွင် လူသားတစ်ယောက် ရှိနေတိုင်း ကြင်နာမှုကို ပြသိုရန် အခွင့်အလမ်းတစ်ခု ရှိနေသည်။

## ၁၄။ အခြားသူများကိုလေးစားခြင်း

အခြားသူများအား လေးစားခြင်းသည် ဘဝ အောင်မြင်မှု ရရေးတွင် အလွန်အရေးပါသော ကိစ္စတစ်ရပ်ဖြစ်ပါ၏။ မြန်မာ စကားပုံတွင် ကျီးကို ဘုတ်ကရိုသေမှ ဘုတ်ကို ကျီးကလည်း ရိုသေမည်ဟုဆိုသော စကားရှိ၏။ အပြန်အလှန် ရိုသေလေးစား မှုသည် တိုးတက်ကြီးပွားမှုများ ၊ အောင်မြင်မှုများကို အတော မသတ် ဖြစ်ပေါ်စေပါ၏။

လူသား၏ အကြီးမားဆုံးသော လိုအင်သည် မိမိကိုယ်မိမိ အရေးပါသည်ဟူသော ခံစားချက်ကို ရရှိခြင်းဖြစ်၏။ ထိုလိုအင်ကို မိမိဘာသာ မိမိ ပေးအပ်၍မရ။ မိမိ၏ မိတ်ဆွေ အပေါင်းအသင်း များက ပေးအပ်မှသာရရှိမည်ဖြစ်ရာ မိမိ၏ ဇနီး၊ မိမိ၏ သားသမီး၊ မိမိ၏ လုပ်ဖော်ကိုင်ဖက်တို့၏ အကြီးမားဆုံးသော လိုအင်ကို

သင်သည် ယနေ့ဖြည့်ဆည်းပေးပါက သင်သည် ယနေ့ကောင်းမွန်သော လုပ်ငန်းတစ်ခုကို အောင်မြင်စွာ ပြုလုပ်ခြင်းမည်ပါ၏။

ထိုသို့ လုပ်ဆောင်လိုက်ရသည့်အတွက် ငွေကြေးအရင်းအနှီး မကုန်ကျနိုင်ပါ။ သို့သော် ပြန်လည်ရရှိသည့် အကျိုးကျေးဇူးကား အလွန်မှ ကြီးမားပါ၏။ သူ အရယူဆုံး လိုအင်ကို သင် ယနေ့ ဖြည့်ဆည်းပေးလိုက်ပါက နောက်တစ်နေ့တွင် သင့်အတွက်လည်း အကောင်းဆုံး ကိစ္စများကို ထိုသူက ယူဆောင်လာမည်ဖြစ်ပါ၏။ အခြားသူများကို လေးစားခြင်းသည် ကောင်းကျိုးများကို ဖြစ်ထွန်း၏။ ညီညွတ်မှုကို ဖြစ်စေ၏။ အင်အားကို တိုးပွားစေပါ၏။

မြန်မာပုံပြင်များတွင် ဆင်၊ မျောက်၊ ခါ သုံးဦးတို့သည် ညောင်ပင်တစ်ပင်ကို အမှီပြု၍နေကြရာ တစ်နေ့တွင် ယင်းတို့ သုံးဦးသည် အသက်အရွယ်အလိုက် ရိုသေမှုကိုပြု၍ နေအပ်သည်ဟု အတူတကွ သဘောတူကြ၏။ ထိုအခါ ဆင်၊ မျောက်နှင့် ခါတို့သည် အသက် မည်သူအကြီးဆုံးဖြစ်သည်ကို ပြန်၍ပြောကြရာ ဆင်က မိမိမွေးစက ဤညောင်ပင်သည် မိမိ၏ချက်ကို ထိရုံသာ ရှိသည်ဟုဆို၏။ မျောက်ကမူ မိမိ မွေးဖွားစဉ်က ဤညောင်ပင်ကို ထိုင်လျက် မိမိလက်ဖြင့် ကိုင်တွယ်ကစားနိုင်သည့်အရွယ်ဟုဆိုလေလျှင် ခါက ဤညောင်ပင်သည် မိမိငယ်စဉ်က မပေါက်သေး။ မိမိသည် တစ်ပါးတစ်နေရာတွင် ညောင်သီးကို စားလာရာမှ ဤအရပ်တွင် မစင်စွန့်သဖြင့် ထိုသောအခါမှ ညောင်ပင် ပေါက်လာ

ကြောင်းပြောလျှင် ခါသည် အသက်အကြီးဆုံးအဖြစ် အသိအမှတ် ပြုကာ တစ်ဦးကိုတစ်ဦး လေးစားခြင်းဖြင့် ညောင်ပင်၌ အသက် ထက်ဆုံး နေထိုင်သွားခဲ့ကြပါ၏။

ယနေ့ခေတ် စီးပွားရေးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန် အလှန် လေးစားရေး၊ ကုမ္ပဏီကြီးများ တစ်ခုနှင့် တစ်ခု အပြန် အလှန် လေးစားရေး၊ စီးပွားရေး လုပ်ဆောင်သူများ တစ်ဦးကို တစ်ဦး အပြန်အလှန် လေးစားရေးသည် အလွန်မှ အရေးကြီး လှပါ၏။ အခြားသူများအား လေးစားခြင်းသည် အခြားသူများ အပေါ် မေတ္တာထားခြင်းဖြစ်ပါ၏။

သင်သည် အခြားသူများအား လေးစားမှု မရှိလျှင် သင့်ကို လည်း မည်သူမျှ လေးစားမည်မဟုတ်သည်မှာ သေချာလှပါ၏။ ဒေါက်တာဘွဲ့ရ ရာဇဝင်ဆရာကြီးတစ်ဦးရှိပါ၏။ သူ့ကိုယ်သူ အထင် ကြီး၍ အခြားသူများကိုလေးစားမှုလုံးဝမရှိပါ။ ဂ[illegible]များကို အထင်သေး သောစိတ်ဖြင့် ပြုမူဆက်ဆံတတ်ပါ၏။ ထိုပုဂ္ဂိုလ်ကြီးသည် အများ၏ ရွံရှာမုန်းတီးမှုကိုခံရ၍ သူ့ဘဝမှာလည်း အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ လူအများသည် သူ့ကို တစ်ကြိမ်သာ တွေ့ဆုံရရုံဖြင့် အော့ကြောလန်သွားတတ်ကြပါ၏။

ကျွန်တော်သည် မန္တလေးရထားပေါ်တွင် အပြန်အလှန် လေးစား တတ်သူ တစ်ဦးနှင့်တွေ့ခဲ့ဖူးပါ၏။ ၁၄ နာရီလောက် အတူသွားခဲ့သော ခရီးအဆုံးတွင် သူနှင့်ကျွန်တော် မိတ်ဆွေဖြစ်ခဲ့ရပြီး အောင်မြင်

သော စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ဆောင်ဖြစ်ခဲ့ရုံသာမက သူနှင့် ကျွန်တော်သည် အပြန်အလှန် လေးစားသော မိတ်ဆွေများဘဝကို ရရှိခဲ့ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ငါသည် ငါနှင့် တွေ့လာသူတိုင်းအား ဖြူစင် ရိုးသားသော စိတ်ကို ပြသ၍ ထိုသူအား လေးစားမှုကို ပေးအပ်မည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------။

> တစ်ကိုယ်ကောင်းဆန်သော စိတ်ရှိလျှင် များနိုင်သလောက် များပါစေ၊ အနည်းအကျဉ်းသာ အလုပ်ဖြစ်၍ မေတ္တာစိတ် ရှိပါက အများအပြား ကိစ္စများကို ပို၍ လုပ်နိုင်ပါ၏။

# ၁၅။ ကူညီခြင်း

ကျွန်တော်တို့ ငယ်စဉ်က ကောလိပ်တွင် ဧဝရက်တောင်ထိပ်သို့ တက်ခဲ့ကြသော ဆာဟီလရီ Sir Edmund Hillary နှင့် တင်ဇင် Tensing တို့အကြောင်းကို သင်ကြားခဲ့ရ၏။ ဟီလရီနှင့် တင်ဇင်တို့၏ ဧဝရက်တောင်ထိပ်ခရီးသည် ကမ္ဘာကျော်ခရီးလည်း ဖြစ်၏။ ထိုခရီးတွင် ဟီလရီနှင့် တင်ဇင်တို့ အတူတကွတက်ခဲ့ရာ ဟီလရီသည် တောင်ထိပ်သို့ ဦးစွာ ရောက်ခဲ့သူဖြစ်၏။ ပြန်အဆင်းတွင် ဟီလရီသည် ခြေချော်ကျသွားရာ တင်ဇင်က ရေခဲအတွင်းသို့ ပုဆိန်ကို အလျင်အမြန်ခုတ်သွင်းလိုက်ပြီး ကြိုးကိုတင်းအောင်ဆွဲထားလိုက်သဖြင့် နှစ်ဦးစလုံး ချောက်အတွင်းသို့ မကျဘဲရှိခဲ့၏။ ထိုအပြုအမူသည် တင်ဇင်က မိမိ၏အသက်ကိုပေး၍ ဟီလရီအား ကူညီလိုက်ခြင်းဖြစ်သည်။ ဟီလရီနှင့် တင်ဇင်တို့ ဧဝရက်တောင်ထိပ်မှဆင်းလာကြပြီး သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ကြ

သောအခါ တင်ဇင်က ထိုအကြောင်းကို အကြီးအကျယ်လုပ်၍ မပြောခဲ့ပါ။ တင်ဇင်က ယင်းကိစ္စကို ဖြစ်ရပ်လေးတစ်ခုအနေဖြင့်သာ သဘောထား၍ ပြောရာ၌ "တောင်တက်သမားတွေဟာ ဒီလိုပါပဲ၊ တစ်ဦးကိုတစ်ဦးကူညီကြရတာပဲ" ဟု ရိုးရိုးရှင်းရှင်းလေးတင်ပြခဲ့၏။

ထိုခရီးတွင် ဟီလရီသည် ဧဝရက်တောင်ထိပ်သို့ ဦးစွာ ရောက်သူအဖြစ် အသိအမှတ်ပြုခံရ၏။ အတူသွားသူ အချင်းချင်း ဧဝရက်တောင်ထိပ်သို့ စောစွာရောက်သူအဖြစ် အသိအမှတ် ပြုခံရခြင်းထက် တင်ဇင်၏ စိတ်ထားမြင့်မြတ်စွာဖြင့် အသက်ပေး၍ ခရီးသွားဖော်အချင်းချင်း အသက်ကိုကယ်လိုက်ခြင်းက ပို၍ လေးစားစရာဖြစ်ခဲ့ရ၏။

မြန်မာတို့သည် ကူညီတတ်သူများဖြစ်၏။ မြန်မာကျေးလက်တွင် အပြန်အလှန် ကူညီခြင်းများ ယနေ့ထက်တိုင် ထွန်းကားနေဆဲဖြစ်၏။ အပြန်အလှန် လက်စားလိုက်ကူညီခြင်း၊ အပြန်အလှန် လက်စားလိုက် စပါးရိတ်ခြင်း၊ လူပျိုကာလသားတို့က အိမ်မိုးပေးခြင်း၊ စုပေါင်းလမ်းပြင်ခြင်း၊ လူမမာကို မြို့နယ်ဆေးရုံသို့ ပို့ပေးခြင်း စသည်တို့သည် မြန်မာကျေးလက်၏ အလွန်တန်ဖိုးထားထိုက်သော ကူညီမှုတရားများ ဖြစ်ပါ၏။

ထိုအလေ့အကျင့်ကို မပျောက်မပျက်ရအောင် ကူညီကြရမည်ဖြစ်၏။

အမေရိကန်လူမျိုးတစ်ဦးကမူ "ကျွန်တော်တို့ အမေရိကန်မှာ ကူညီခြင်းကို မည်သူကမှ အရေးတယူ ကျင့်သုံးခြင်းမရှိတာဟာ တကယ်တော့ ကံဆိုးမှုတစ်ရပ်ပဲ" ဟု ဆိုခဲ့ဖူးပါ၏။ ထို့ကြောင့် ကူညီခြင်းအလုပ်ကို လုပ်ဆောင်မှုသည် ကံကောင်းခြင်းဟု ဆိုလိုပါ၏။ ကံကောင်းသူတို့သည် စီးပွားဥစ္စာ တက်ကြွပေရာ စီးပွားရေးကဏ္ဍတွင် ကူညီခြင်းကို ကိုင်တွယ်ကျင့်သုံးကြည့်ပါ။ ကျွန်တော်တို့သည် ကူညီမှု၏အကျိုးကို မကြာမီ ပြန်၍ ခံစားလာနိုင်မည် ဖြစ်ပါ၏။

သင်သည် ကူညီမှုကို မလိုအပ်ဟု ယခင်က သဘောထားခဲ့ပါသလား၊ သို့မဟုတ် ကူညီမှုသည် ကောင်းပါသည်ဟု ဆိုသော်လည်း လက်တွေ့ မကျင့်သုံးဖြစ်ဘဲ နေခဲ့ပါသလား။ ဤစာကို ဖတ်ပြီးသည့်နောက်တွင် လက်တွေ့ ကျင့်သုံးကြည့်ပါ။ သင်သည် မည်မျှတိုးတက်လာသည်ကို တွေ့လာလိမ့်မည်ဖြစ်ပါသည်။ ကူညီခြင်းသည် အလွန်ခိုင်မာ အားကောင်းသော အင်အားတစ်ရပ် ဖြစ်ပါ၏။ ထိုအယူအဆကို တိုးချဲ့၍ လက်တွေ့ဆောင်ရွက်သည်နှင့်အမျှ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် ကုမ္ပဏီတစ်ခုအတွက် သာမက မြန်မာတစ်နိုင်ငံလုံးအတွက်ပါ တိုးတက် ဖွံ့ဖြိုးလာစေနိုင်သော အယူအဆ ဖြစ်ပါသည်။

ကူညီခြင်း အယူအဆသည် တစ်နိုင်ငံလုံး တိုးတက်လာနိုင်သည်ဟု ဆိုခြင်းအတွက် အလုမ်းကွာဝေးလှချည်လားဟု ဆိုသူ

ရှိကောင်း ရှိမည်ဖြစ်၏။ သို့သော် ဤကိစ္စသည် စိတ်ကူးယဉ် မဟုတ်ကြောင်း တင်ပြလိုပါ၏။ ထိုင်းဘုရင်မင်းမြတ်၏ မိဖုရားကြီး သီရိခေတ်သည် ကမ္ဘာပေါ်တွင် အချောဆုံးသော မိဖုရားကြီးဖြစ်၏။ ပုံမှန်အတိုင်းဆိုပါက သူ၏လုပသောနန်းတော်ထဲတွင် အသက်ထက်ဆုံး နေလိုက နေသွားနိုင်သူ မိဖုရားကြီးတစ်ပါးဖြစ်၏။ သို့သော် မိဖုရားကြီးသည် ထိုသို့မနေဘဲ တစ်နှစ်တွင် ရှစ်လခန့် ပြည်သူလူထုအတွင်းသို့ သွားရောက် နေထိုင်ကာ ထိုင်းလူထုအတွင်းမှ ဆင်းရဲသူများအား ကူညီ၏။ ကြီးမားသော ရောဂါရှိသူများအား ဆေးကုသပေး၏။ အနာကြီး ရောဂါသည်များကို လက်ဆွဲနှုတ်ဆက်ကာ မိမိ၏မေတ္တာကိုပေးအပ်၏။ သတ္တဝါလေးများအား ဘေးမဲ့လွှတ်၏။ မိဘမဲ့ကလေးများစွာအား ပညာသင်စရိတ်များကို ထောက်ပံ့၏။ အချို့ ဆင်းရဲနွမ်းပါးသူတို့အား အသက်မွေးဝမ်းကျောင်းဌာနများသို့စေလွှတ်ကာ ပညာသင်ကြားပေးပါ၏။ ထို့ကြောင့် ထိုင်းပြည်သူတို့သည် ထိုင်းဘုရင်မင်းမြတ်နှင့်မိဖုရားကြီးအား သူတို့၏အသက်ကဲ့သို့ မြတ်နိုး၏။ ဘုရင်မင်းမြတ်နှင့်မိဖုရားကြီးတို့၏ ဂုဏ်သိက္ခာသည်အစဉ်မြင့်တက်နေ၏။ သက်ဦးဆံပိုင်ဘုရင်စနစ် ကျဆုံးနေပြီး စည်းမျဉ်းခံ ဘုရင်ဘဝဖြင့် နေကြရသော်လည်း ထိုင်းပြည်သူတို့သည် မိမိတို့၏အသက်များကို ဘုရင်နှင့်မိဖုရားထံတွင် အပ်နှံ၍ ချစ်မြတ်နိုးမှုသည် အခြား အဘယ်ကိစ္စကြောင့်မှ ရရှိလာခြင်း

မဟာတ်ဘဲ ဘုရင်နှင့် မိဖုရားကြီးတို့၏ ကူညီတတ်မှုကြောင့် ဖြစ်ပေါ်လာသော ရလဒ်သာ ဖြစ်ပါ၏။

**ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်**

၁။ ယနေ့မှစ၍ ငါသည် ကူညီသည့် အလေ့အကျင့်ကို ပျိုးထောင်မည်။ အခြားသူများအား ကူညီရမည့် အခွင့်အလမ်းကို ရှာဖွေနေမည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------
----------------------------------------
----------------------------------------
---------------------------------------။

> တာဝန်ဆိုသော စကားက အလုပ်များကို ကောင်းစွာ ပြီးစေသည်။ မေတ္တာဆိုသော စကားသည် အလုပ်များကို လှပ သေသပ်စွာ ပြီးမြောက်စေသည်။

## ခဖြ ကစလေးများ

သင်သည် အထက်သို့တကယ်ရောက်လိုပါသလား၊ သင်သည် တကယ်မြင့်မားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လိုပါသလား၊ ထိုသို့ဆိုလျှင် ဒုက္ခရောက်နေသော ကလေးများအားစောင့်ရှောက်ပါ။ ဒုက္ခရောက်နေသော ကလေးများအားကူညီပါ။ သင့် ဂုဏ်သိက္ခာသတင်းသည် အမှန်ကြီးမြင့်လာမည် ဖြစ်ပါ၏။

ကျားကျောင်း ပရဟိတ ဆရာတော်ဘုရားကြီးသည် ပရဟိတလောက၏ မီးရှူးတန်ဆောင်သဖွယ် ဖြစ်ပါ၏။ ဆရာတော်ကြီးသည် မိမိ၏ ဘဝတစ်လျှောက်လုံး မိဘမဲ့ကလေးများအား ပြုစုပျိုးထောင်ခဲ့၏။ ဆရာတော်ကြီးက မိမိ ပြုစု စောင့်ရှောက်ခဲ့သော ကလေးများအား ကရုဏာမိုးဖြင့် ပျိုးသောပန်းဟု တင်စားခဲ့ပါ၏။

ကလေးသူငယ်များအား ပြုစု စောင့်ရှောက်ခဲ့သူများထဲတွင် မြန်မာအမျိုးသမီးကြီး ဒေါ်တီတီလုစ်သည် ထင်ရှားသော အမျိုးသမီးကြီး တစ်ဦးဖြစ်၏။ ယခု အင်းလျားလူငယ်သင်တန်းကျောင်းသည် မြန်မာအမျိုးသမီးကြီး ဒေါ်တီတီလုစ် ပျိုးထောင်ခဲ့သော ကျောင်းဖြစ်၏။ ဒေါ်တီတီလုစ်သည် မိဘမဲ့ကလေးများအား စောင့်ရှောက်ရန် ၁၉၂၇ ခုနှစ်က ရန်ကုန်တက္ကသိုလ်နယ်မြေ အင်းလျားလမ်းတွင် "ကလေးသူငယ်များ ကူညီစောင့်ရှောက်ရေးအသင်း" ကို ဖွဲ့စည်းခဲ့၏။ ထို့နောက် သူမသည် လမ်းဘေးတွင် အိပ်နေသော ကလေးများအား မိတ်ဖွဲ့ကာ အသင်းတွင် စောင့်ရှောက်ထားခဲ့၏။

ထိုအခါလောက်က ရန်ကုန်အနောက်ပိုင်း ဗိုလ်ချုပ်ဈေး၊ သိမ်ကြီးဈေးနေရာများတွင် လေလွင့်ကလေးများ အများအပြားရှိခဲ့၏။ ထိုဒေသတစ်ဝိုက်တွင် ဘိန်းခန်းပိုင်ရှင်များ၊ ခါးပိုက်နှိုက်များ၊ မိန်းမယိန်းများသည် ယင်းကလေးများအား မွေးထားကာ မကောင်းသော အမျိုးသမီးများအားခေါ်ရန်၊ ခါးပိုက်နှိုက် တန်ဆာခံလုပ်ရန်၊ ကိုယ်တိုင် ခါးပိုက်နှိုက်စေရန် မွေးထားကြ၏။ ထိုအကြောင်းကိုသိသော မြန်မာအမျိုးသမီးကြီး ဒေါ်တီတီလုစ်သည် ယောကျ်ားကဲ့သို့ ဝတ်ဆင်ကာ ရန်ကုန်အနောက်ပိုင်း လူမိုက်လူပေများရှိရာသို့ သွားကာ မိတ်ဖွဲ့၍ လေလွင့်ကလေးများအား ကယ်ဆယ်လိုကြောင်း မေတ္တာရပ်ခံ၍ အကူအညီတောင်းခဲ့၏။ ဒေါ်တီတီလုစ်က ယင်း လူမိုက်

လူတော်ကြီးများအား မိမိအိမ်သို့ဖိတ်၍ ထမင်းကျွေးကာ ခိုကိုးရာမဲ့ ကလေးများအားကူညီရေးကိစ္စတွင် ပူးပေါင်းဆောင်ရွက်ရန် မေတ္တာ ရပ်ခံခဲ့၍ ယင်းတို့၏ အကူအညီကို ရယူခဲ့ကြ၏။ ဒေါ်တီတီလုစ် သည် အင်းလျားလမ်းတွင် တဲငယ်လေးတစ်ခုကိုထိုးကာ ကလေးများ ကို စတင် စောင့်ရှောက်ခဲ့၏။ ထို့နောက် သစ်ကုန်သည်ကြီး ဦးဘအို က အင်းလျားလမ်းရှိ ၂ ဒသမ ၄ ဧကရှိသော မြေကို လှူဒါန်းရာ ထိုနေရာတွင် တိုက်ဆောက်၍ ပရဟိတလုပ်ငန်းကို တိုးချဲ့ခဲ့ရာ မြန်မာ့လူမှုဝန်ထမ်းသမိုင်းတွင် ဒေါ်တီတီလုစ်အား ယနေ့တိုင် မေ့ပျောက်၍ မရနိုင်ဘဲ ရှိပါ၏။

ဒေါ်တီတီလုစ်သည် ကျွန်တော်နှင့် အလွန်အမင်း စိမ်းနေသူ မဟုတ်။ ဗုဒ္ဓဘာသာဝင်တို့ အထူး လေးစားကြည်ညိုခြင်းခံရသော မဟာသင်္ဃရာဇာ သာသနာပိုင်ဆရာတော်ကြီး၏မြေး၊ ဝန်ထောက် ဦးဖေခင်၊ ဝန်ထောက်ကတော် ဒေါ်မြိုင်တို့၏သမီး၊ အင်္ဂလိပ် မြန်မာ အဘိဓာန်ပြုစုခဲ့သူ ဦးထွန်းငြိမ်း၏တူမ၊ ဆရာကြီး ဦးဖေမောင်တင် ၏ညီမတော်သူဖြစ်ပါ၏။

တိုးတက်ကြီးပွား၍ ထိပ်တန်းသို့ တက်လှမ်းရာတွင် မိဘမဲ့ ကလေးများ၊ ဒုက္ခသည် ကလေးများအား ကူညီစောင့်ရှောက်လို သော စိတ်စေတနာကို ပြုစုရန် လိုအပ်ပါ၏။

ကလေးသူငယ်များအား ပြုစုစောင့်ရှောက်မှုနှင့် ပတ်သက်၍ လ.ပါက ဂျိုဒီ Jodre ဆိုသော အမျိုးသမီးသည် ဒုက္ခရောက်

နေသော ကလေးတစ်ဦးကို ရမည်ဆိုလျှင် ကမ္ဘာဘယ်အရပ်သို့ မဆို သွားရောက်ခေါ်ငင် ပြုစုစောင့်ရှောက်တတ်သော အမေရိကန် အမျိုးသမီးကြီးဖြစ်ပါ၏။

ဂျူဒီသည် ဉာဏ်ရည်ထက်မြက်သော၊ လှပသော၊ မေတ္တာတရားပြည့်ဝသော၊ စွမ်းစွမ်းတမံ လုပ်ကိုင်တတ်သော အမျိုးသမီးတစ်ဦးဖြစ်သည်။ သူနှင့် သူ့ခင်ပွန်းသည် လူ့လတ်ကန်းစားတို့ နေထိုင်သည့် အိမ်တစ်အိမ်တွင် လူ့လတ်တန်းစားတို့ ပိုင်ဆိုင်သည့် ပစ္စည်း ပစ္စယများဖြင့် နေထိုင်နိုင်ကြသူများ ဖြစ်ကြသည်။

သို့သော် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် မာရီတာမြို့ရှိ ယင်းတို့၏ နေအိမ် မီးဖိုချောင်မှနေ၍ "နိုင်ငံတကာ အကူအညီအတွက် အမေရိကန်လူမျိုးများ" Americans for International Aid အမည်ရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းလှုပ်ဆောင်ခဲ့သူများဖြစ်၏။ သူတို့သည် ကလေးငယ်ပေါင်းများစွာကို အသက်ဘေးရောဂါနှင့် အငတ်ဘေးတို့မှ ကယ်ဆယ်ခဲ့ကြသည်။ သူတို့သည် ဗီယက်နမ်၊ ကိုလံဘီယာ အိန္ဒိယ၊ ကိုရီးယားနှင့် အခြား ဒုက္ခရောက်လျက်ရှိသော ကမ္ဘာ့အရပ်ရပ်တို့မှ ကလေးများကို ကယ်ဆယ်ခဲ့ကြသည်။

နေ့စဉ် တယ်လီဖုန်း၊ စာ၊ လူကိုယ်တိုင် အဆက်အသွယ်တို့ဖြင့် ဂျူဒီသည် ရာပေါင်းများစွာသော လေယာဉ်မောင်မယ်များနှင့် ဆက်သွယ်သည်။ ထို လေယာဉ်မောင်မယ်တို့သည် ကမ္ဘာ

အရပ်ရပ်မှ ကလေးများကို သယ်ဆောင်လာကြပြီး ဒါဇင်ပေါင်းများစွာ အရေအတွက်ရှိသော ကလေးများကို မွေးစားသည့် အဖွဲ့အစည်းများ၊ ကယ်ဆယ်ရေး မစ်ရှင်အဖွဲ့များ၊ ရာပေါင်းများစွာသော အမေရိကန်မိသားစုများထံသို့ ထိုကလေးများကို ပို့ပေးကြပါသည်။

ဂျူဒီ၏ အိမ်တွင်းသို့ ဝင်ရောက်လိုက်သည်နှင့် ယင်းတို့ဇနီးမောင်နှံ ပြောနေသော **တယ်လီဖုန်းစကားများထဲ၌** ဝမ်းနည်းဖွယ်၊ ရယ်ရွှင်ဖွယ် သို့မဟုတ် ပန်ကြားချက်များ တစ်ခုမဟုတ် တစ်ခု ပါဝင်နေတတ်ပါသည်။ **ထို့ပြင်** တစ်ဖက်ရှိ စကားပြောနေသူသည် ABC အသံလွှင့်ဌာန၏ ညပိုင်းအစီအစဉ်မှ တွေ့ဆုံမေးမြန်းခွင့်ကို တောင်းဆိုနေခြင်းလည်း **ဖြစ်တတ်သည်။** တစ်ခါတစ်ရံတွင်လည်း ကလေးတွေ လာနေပြီ၊ အရေအတွက်က ဘယ်လောက်ရှိတယ်။ ဘယ်လေယာဉ်ကွင်းမှာ လာကြိုဆိုပါ စသည်ဖြင့် ပြောဆိုနေခြင်းများလည်း ဖြစ်တတ်သည်ဟု ဆိုပါ၏။

ထိုအလုပ်များကို ဂျူဒီနှင့် သူ့ခင်ပွန်းသည် လခမရဘဲ အခမဲ့ လုပ်ဆောင်နေကြခြင်းဖြစ်၏။ **ယင်းတို့ဇနီးမောင်နှံ** ကြိုးစားပမ်းစား လုပ်ကိုင်ရှာဖွေထားရသောဝင်ငွေ၏ နှစ်ဆယ်ရာခိုင်နှုန်းကိုပင် ယင်းအဖွဲ့အစည်းလုပ်ငန်းအတွက် အသုံးပြုရတတ်သည်။ ဂျူဒီက "ဒါ ဘုရားသခင်ရဲ့အလုပ်ပါ။ ဘုရားသခင်ကသာ မကူညီရင် ဒီလုပ်ငန်းအောင်မြင်မှာ မဟုတ်ပါဘူး" ဟု ဆိုခဲ့သည်။

ဂျူဒီနှင့် သူ့ခင်ပွန်းကဲ့သို့ သင့်တွင်ရှိသော အချိန် သို့မဟုတ် တစ်စုံတစ်ရာကို ဒုက္ခရောက်နေသော ကလေးများအတွက် ကူညီပေးအပ်မည်ဆိုပါက ကျွန်တော်တို့သည် သင့်အား မကြာမီ ထိပ်တန်း တစ်နေရာတွင် တွေ့ရမည်မှာ ကျိန်းသေဖြစ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် ဒုက္ခရောက်နေသော ကလေးငယ် တစ်ဦးအား ကူညီရန် ရှာဖွေမည်။

၂။ ယနေ့မှစ၍ ငါသည် ----------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------။

## ၁၇။ လက်ထပ်ထိမ်းမြားခြင်း

လက်ထပ်ထိမ်းမြားခြင်းသည် အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်၏။ မြန်မာစကားပုံတွင် "အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဤသုံးချက် ခုမပိုင်လျှင် နောင်ပြင်ရန် ခက်သည့်အမျိုး" ဟု ဆိုပါ၏။

အိမ်ထောင်မှုသည် ကြီးပွားတိုးတက်သူတို့အတွက် အရေးကြီးသော ကိစ္စတစ်ခုဖြစ်၏။ တစ်ခါက ဗိုလ်မှူးကြီးတစ်ယောက်သည် စစ်ရေးကိစ္စတစ်ခုအတွက် လူရွေးချယ်ရာတွင်သူ့အလွန်နှစ်သက်သော ကာက်ပတိန်အဆင့်ရှိ လူတစ်ယောက်ကို တွေ့ရှိခဲ့၏။ လိုအပ်သော အရည်အချင်းအားလုံးနှင့် ပြည့်စုံနေပြီဖြစ်ရာ နောက်ဆုံးမေးခွန်း

နှစ်ခွန်းကို မေးပြီးသောအခါတွင်ကား ထိုလူကို ထိုကိစ္စအတွက် မခိုင်းတော့ရန် ယတိပြတ် ဆုံးဖြတ်လိုက်၏။ ပထမ မေးခွန်းမှာ "ဗိုလ်ကြီး အသက် ဘယ်လောက်ရှိပြီလဲ" ဟုဆိုလျှင် ၃၃ နှစ် ရှိပါပြီဟုဆို၏။ အိမ်ထောင်ရှိပါသလားဟု မေးသောအခါ "လူပျိုပါ ခင်ဗျာ" ဟုဆို၏။

တာဝန်ရှိသော ဗိုလ်မှူးကြီးက အသက် ၃၃ နှစ်ရှိပါလျက် အိမ်ထောင်မရှိသေးသော ယင်းပုဂ္ဂိုလ်အား အရေးကြီးသော မိမိ၏ တာဝန်ကို မပေးအပ်တော့ရန် ဆုံးဖြတ်ခဲ့ပါ၏။

အိမ်ထောင်မှု လက်ထပ်ထိမ်းမြားမှုသည် လူတိုင်း၏တာဝန်ဖြစ်၏။ အိမ်ထောင့်တာဝန်ကို လူအများရယူကြရမည်ဖြစ်၏။ အိမ်ထောင်သည်ဘဝဖြင့် ကိစ္စရပ်များကို ခွဲဝေ ခံစားကြရမည်ဖြစ်၏။

လက်ထပ် ထိမ်းမြားပြီးပါက မိမိတို့ အိမ်ထောင်ကို မျှတအောင်၊ မေတ္တာတရားတို့ဖြင့် ပြည့်စုံနေအောင် တည်ဆောက်ကြရမည်ဖြစ်၏။ ခိုင်မာသော လက်တွဲမှုကို တည်ဆောက်ကြရမည်ဖြစ်သည်။ အောင်မြင်မှုရရှိသောသူတို့၏နောက်တွင် လိမ္မာရေးခြားရှိသော ဇနီးမယားတစ်ယောက် ရှိတတ်သည်ဟုလည်း ဆိုကြ၏။

လူတိုင်းသည် လက်ထပ် ထိမ်းမြားကြရုံသာမက မေတ္တာတရားနှင့် ပြည့်စုံသော၊ ချစ်ခြင်းမေတ္တာ ပြည့်လျှမ်းသော အိမ်

ထောင်များကို တည်ဆောက်ကြရန်လို၏။ ထိုသို့သော အိမ်ထောင်များသည် လူချွန်လူကောင်းများ ပေါ်ထွန်းရေးအတွက် ပန်းကောင်းများကို ဖူးပွင့် ရှင်သန်စေမည့် ပန်းဥယျာဉ်များသဖွယ် ဖြစ်ပါ၏။ ထိုကဲ့သို့သော အိမ်ထောင်ရှင်များတွင် ဖြစ်ပေါ်လာရသော သားသမီးကိုမှာလည်း လိမ္မာရေးခြားရှိသော လူငယ်များ၊ နောင်အနာဂတ်အတွက် အားကိုး အားထားနိုင်သော လူငယ်များကို ဖြစ်ပေါ်စေနိုင်ပါ၏။ ထို့ကြောင့် လက်ထပ် ထိမ်းမြားမှုသည် မေတ္တာတရား၏ ပြယုဂ်တစ်ခုဖြစ်၏။ လက်ထပ် ထိမ်းမြားရုံသာမက သာယာသော အိမ်ထောင်ရေးကို မေတ္တာ အပေးအယူဖြင့် တည်ဆောက်ကြရမည်ဖြစ်သည်။

အိမ်ထောင်တစ်ခု သာယာရေးတွင် ပြဿနာကို မျှဝေခံစားခြင်း၊ သဘောထားကြီးခြင်း၊ ချစ်ခင်ယုယခြင်း၊ ညှိနှိုင်း သဘောထား တူညီခြင်းတို့ဖြစ်ရာ ယင်းတို့ကို တည်ဆောက်ကြရမည်ဖြစ်၏။ အိမ်ထောင်သည်ဘဝ၌ စိတ်သဘောထား တူညီရေးသည် အလွန်မှ အရေးကြီးပေရာ ယင်းကိစ္စကို အသေးအနှုက်ထား၍ မျှတစွာ ညှိနှိုင်းယူကြရမည်ဖြစ်သည်။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် ငါ၏ ဇနီးအား ချစ်ကြင်နာမှုကို ပြသ၍ တူညီသော စိတ်သဘောထား ရရှိအောင် စတင် ကြိုးစားမည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------
------------------------------------------------
------------------------------------------------
------------------------------------------------။

လင်ယောကျာ်းအပေါင်းတို့ သင်တို့၏ ဇနီးမယားများကို ချစ်မြတ်နိုးကြလော့

သမ္မာကျမ်းစာ

# ၁၈။ မိခင်စိတ်

မိခင်စိတ်သည် အလွန်မွန်မြတ်သော စိတ်ထားတစ်ရပ်ဖြစ်၏။ သင်သည် ထိပ်တန်းသို့ရောက်လိုပါက မိခင်စိတ်ကို တတ်နိုင်သမျှ မွေးမြူရန် လိုအပ်ပါ၏။ မိမိနှင့်တွေ့ဆုံဆက်ဆံသူများ၊မိမိ၏အလုပ်သမားများအား အမှန်တကယ် ယင်းတို့၏အကျိုးကိုလိုလားသော စိတ်ဓာတ်ဖြင့် မွေးမြူပွားများရန် လိုအပ်ပါ၏။ ထိပ်တန်းသို့ရောက်လိုသူတိုင်းသည် ချစ်ခင်မြတ်နိုးသောစိတ်၊ မိမိနှင့်ကြုံတွေ့လာသူများအပေါ် အကျိုးလိုလားသောစိတ်များကို အဖန်ဖန်အထပ်ထပ် ပွားများလေ၊ မိမိလုပ်ငန်း အောင်မြင်လေဖြစ်ပါ၏။

မြတ်စွာဘုရားသည် မာရ်နတ်အားလည်းကောင်း၊ အာဠာဝကဘီလူးအားလည်းကောင်း၊ နာဠာဂီရိအမည်ရှိသော ဆင်ပြောင်ကြီးအားလည်းကောင်း၊ လူဆိုးကြီး အင်္ဂုလိမာလအားလည်းကောင်း၊

စိဋ္ဌမာဏအားလည်းကောင်း၊ သစ္စက ပရဗိုဇ်အားလည်းကောင်း၊ ဗကဗြဟ္မာကြီးအားလည်းကောင်း အောင်မြင်ရာတွင် မေတ္တာတရားဖြင့် အောင်မြင်ခြင်းဖြစ်ပါ၏။ ဒေါသဖြင့်၊ လက်နက် သေနတ်ဖြင့် အောင်မြင် အနိုင်ယူထားခြင်းမဟုတ်။

မေတ္တာတရားကို စိတ်တွင်းမှ ပွားများရုံသာမက လက်တွေ့လည်း အကောင်အထည် ဖော်ကြရမည်ဖြစ်၏။ မိမိတို့သည် ခရီးသွားပါက မိမိကိုယ်တိုင် နေရာ ကျယ်ကျယ်ပြန့်ပြန့် ရထားလျှင် သူတစ်ပါးအား ခွဲဝေပေးရမည်ဖြစ်၏။ မနိုင်ဝန်ထမ်းလာသူကိုတွေ့ပါက ဝိုင်းဝန်းကူညီဖေးမခြင်းသည် မေတ္တာတရားကို ကာယကံမြောက်ဆောင်ရွက်ခြင်းဖြစ်၍ မေတ္တာကာယကံဟု ခေါ်ဆိုနိုင်ပါ၏။

မိခင်စိတ်သည် လူ့အဖွဲ့အစည်း၏ အခြေခံစိတ်လည်း ဖြစ်ပါ၏။ မိခင်စိတ်သည် မိသားစုကိုစုစည်းထားနိုင်သည့် အဓိကစိတ်လည်းဖြစ်ပါ၏။ လူ့အဖွဲ့အစည်းဟူသည် မိသားစုကိုအခြေခံ၍ ဖွဲ့စည်းထားပေရာ လူသားတို့ စုစည်းတည်ရှိနေသော ဤကမ္ဘာသည်ပင်လျှင် မိခင်စိတ်၊ မိခင်မေတ္တာဖြင့် တည်ဆောက်ထားခြင်းဖြစ်ပါ၏။

ထို့ကြောင့် ဤကမ္ဘာကြီးတွင် လူသားတို့အတွက် အမြင့်မြတ်ဆုံးနှင့် အအောင်မြင်နိုင်ဆုံး စိတ်ဓာတ်သည် မိခင်စိတ်ပင်ဖြစ်ပါ၏။ မိခင်သည် မိမိ၏ သားသမီးတို့အား မှက်၊ ခြင်၊ ယင်လေ မသန်းရအောင် ပင်ပန်းကြီးစွာ ဆောင်ရွက်သကဲ့သို့၊ သားသမီးတို့၏ ကောင်းကျိုးကို အစဉ်လိုလားသကဲ့သို့၊ သားသမီး

တို့၏ ချမ်းသာမှုကို အစဉ်လိုလားသကဲ့သို့ မိမိထံတွင် လုပ်ဆောင်နေသော လုပ်သားများ၊ မိမိနှင့် ဆက်သွယ်လုပ်ဆောင်နေသော လုပ်ဖော်ကိုင်ဖက်များအား အကျိုးကို လိုလားသောစိတ်၊ ကျန်းမာချမ်းသာ စေလိုသော မေတ္တာစိတ်များနှင့် ဆောင်ရွက်ပါက ထိုသူသည် အထက်သို့ ရောက်ရုံသာမက သာယာအေးချမ်းသော အဖြစ်ကိုလည်း ရရှိမည် ဖြစ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် မိခင်စိတ်ကို ငါ၏ရင်ထဲ၌ မွေးမြူမည်၊ ထို့နောက် လက်တွေ့လည်း ကျင့်သုံးကြည့်ပါမည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------------

----------------------------------------------------

----------------------------------------------------

----------------------------------------------------။

# ၁၉ ။ မေတ္တာတရားပွားများပါ

မေတ္တာတရား၏ အကျိုးအာနိသင် (၁၁)ပါး ရှိကြောင်းကို ဤစာအုပ်၏နိဒါန်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါ၏။ ထို (၁၁)ပါးအကြောင်းကို ထပ်မံ၍ရှင်းပြလိုပါ၏။ မေတ္တာတရား၏အကျိုးများကို သိရှိပါက မေတ္တာပွားများရန် ပို၍ စိတ်ထက်သန်ဖွယ်ရာရှိ၏။ မေတ္တာတရားပွားများသူတို့သည် ချမ်းသာစွာ အိပ်ပျော်၏။

## ချမ်းသာစွာ အိပ်ပျော်ခြင်း

မေတ္တာတရား ပွားများသောသူတို့သည် အိပ်ရာသို့ဝင်သည်နှင့် နှစ်ခြိုက်စွာ အိပ်ပျော်၏။ အချို့သောသူတို့ အိပ်ရာသို့ဝင်သည့်တိုင် အိပ်မပျော်နိုင်ဘဲရှိ၏။ အိပ်ခါနီးတွင် ဝိတက်ဝိစာရ ပူပန်သောကများ ဖြစ်ပွားနေတတ်၏။ ထိုသူတို့သည် အိပ်ရာထဲတွင် တစ်ဖက်မှ

တစ်ဖက်သို့ လူးလိမ့်ကာ အတွေးအစုံဖြင့် မျက်စိကြောင်ကာ အိပ်မပျော်ဘဲရှိ၏။ မေတ္တာပွားများသူတို့ကား ထိုသို့မဟုတ်ဘဲ အိပ်ခါနီးတွင် ထိုသို့ ဝိတက်ဝိစာရ ပွားများမှုမရှိဘဲ နှစ်ခြိုက်စွာ အိပ်ပျော်၏။

## ချမ်းသာစွာ အိပ်ရာမှနိုးခြင်း

အိပ်သောအခါ နှစ်ခြိုက်စွာအိပ်နိုင်သကဲ့သို့ အိပ်ချိန်၌လည်း မေတ္တာစိတ်ရှိသူတို့သည် ကောင်းမွန်စွာအိပ်ပျော်၏။ မေတ္တာတရား ပွားများသူတို့သည် အိပ်ရာမှထလျှင်လည်း လန်းလန်းဆန်းဆန်း ကြည်ကြည်လင်လင်ဖြင့်နိုးကာ လင်းလာသော တစ်နေ့တာအတွက် ပြည့်ဝသော ခွန်အားဖြင့် ကြည်လင်သောအသွင်ကိုလည်း ရရှိ၏။

## အိပ်မက်ဆိုးများ မမြင်မက်ခြင်း

မေတ္တာဓာတ်နည်းပါးသောသူတို့သည် အိပ်မက်ထဲ၌ အမြင့်မှ လိမ့်ကျခြင်း၊ လူဆိုး ဓားပြတို့ လိုက်လံနှိပ်စက်၍ ပြေးရခြင်း စသည်ဖြင့် အိပ်မက်များမြင်မက်ကာ အိပ်နေရာမှပင် လန့်နိုးတတ်၏။ အိပ်ရာမှနိုးသော်လည်း အကြောက်မပြေဘဲ တစ်ဖန် ပြန်အိပ်ရန် အတွက်ပင် အလွန်မှခက်ခဲ၏။ မေတ္တာတရားထားသူတို့က ထိုသို့ မဟုတ်။ အိပ်မက်များမက်သည့်တိုင် ကောင်းမွန်သော အိပ်မက်များ ကိုသာ မြင်မက်တတ်၏။

## လူအများ ချစ်ခင်ကြခြင်း

မေတ္တာတရား ပွားများသူတို့သည် အကျိုးမဲ့စကားကို မပြောတတ်ကြ။ အကျိုးစီးပွား ချမ်းသာစွာ ရှိစေမည့် စကားတို့ကိုသာ ဆိုတတ်ပြောတတ်၏။ သူတစ်ပါးက မိမိအား အကျိုးမဲ့သော စကားကို ပြောသောအခါတွင်လည်း သည်းခံ၍သာနေတတ်၏။ ထို့ကြောင့် ဘေးအန္တရာယ်ကင်း၍ မေတ္တာထား မေတ္တာပွားသူတို့အား လူအများက ချစ်ခင် ကြည်ညို လေးစားမှုကို ရရှိကြ၏။

## နတ် အစရှိသော အကြီးအကဲတို့ကချစ်ခြင်း

မေတ္တာထားသူတို့အား နတ် သိကြား ဗြဟ္မာ အစရှိသူများ၊ အစိုးရမင်း၊ ကြီးကဲသူများက ချစ်ခင် စောင့်ရှောက်တတ်၏။ ထို့ကြောင့် ချမ်းသာမှုသုခကိုရကြ၍ ဂုဏ်သတင်း ကျော်စော၏။ ဘေးဒုက္ခအပေါင်းတို့နှင့် ကြုံလာရသည်ရှိသော် ကယ်ဆယ် ကူညီမည့်သူ၊ အကာအကွယ်ပေးမည့်သူများ ပေါ်များ၏။

## နတ်များ၊ အကြီးအကဲများက စောင့်ရှောက်ခြင်း

နတ် သိကြား ဗြဟ္မာ အစိုးရမင်း အကြီးအကဲတို့၏ ချစ်ခင်မှုကို ရရှိသောသူတို့သည် နတ် သိကြား ဗြဟ္မာအစရှိသူများ၊ အစိုးရမင်း၊ အကြီးအကဲစသည့်သူများ၏ ကြည့်ရှု စောင့်ရှောက်ခြင်းကိုလည်း အစဉ်ခံစားရ၏။ မေတ္တာပွားသူတို့အား တစ်ဦးတည်းသောသားကို

မိဘက စောင့်ရှောက်သကဲ့သို့ နတ် သိကြားတို့ကစောင့်ရှောက်၏။ ယင်း ပုဂ္ဂိုလ်သည် ဘေးအန္တရာယ် ရန်စွယ်အပေါင်းမှ ကင်း၍ ကောင်းကျိုး သုခမင်္ဂလာတို့နှင့် ပြည့်စုံ၏။

## မီးမလောင် အဆိပ်မသင့် လက်နက်တို့မထိရောက်ခြင်း

မေတ္တာပွားများသူတို့၏ အိမ်ရာ ပစ္စည်းဥစ္စာတို့အား မီး မလောင်ဘဲရှိ၏။ ထိုသူတို့သည် အဆိပ်စားမိသော်လည်း ထို အဆိပ်သည် သြဇာမရှိဘဲဖြစ်၏။ သေနတ် လေး မြား လက်နက် စသည်တို့ဖြင့် ပစ်ခတ်ခြင်းခံရသော်လည်း လက်နက်လေးပါးသည် မေတ္တာတရား ပွားများသူတို့အား ရှောင်ကွင်း၍သွားတတ်သည်။

## လျင်မြန်စွာ သတိရလွယ်ခြင်း

မေတ္တာတရားပွားများသူတို့သည် လျင်မြန်စွာ သတိရလွယ်၏။ မေ့ပျောက်ခြင်း၊ သတိလစ်ခြင်းမရှိ။ မြောက်မြားစွာသော အကြောင်း အရာတို့ကို ကြည်လင်စွာ မှတ်မိ၍ မှန်ကန်သော ဆုံးဖြတ်ချက် များကို ပေးနိုင်၏။ မှန်ကန်သော ဆုံးဖြတ်ချက်များကို ပေးနိုင် သည့်အပြင် လုပ်ငန်းများသည်လည်း အစဉ်သဖြင့် အောင်မြင် တတ်ပါ၏။

## မျက်နှာအဆင်း ကြည်လင် ကျက်သရေရှိခြင်း

မေတ္တာတရား ပွားများသူသည် လောဘ ဒေါသ မောဟ မာန်မာနကင်း၍ ထိုထိုသော သူကို၏ မျက်နှာသည် သန့်ရှင်း ကြည်လင်၏။ ကျက်သရေရှိ၏။ အသက်ထက်စာသော် များစွာ နုပျို၍အရွယ်တင်၏။ မြေးတစ်ကျိပ် နှင့် အတူနေထိုင်သော်လည်း မောင်နှမတစ်တွေ ထိုင်နေဘိအလား ထင်ရတတ်၏။

## မတွေမဝေ ကြည်ကြည်လင်လင် ကွယ်လွန်ရခြင်း

မေတ္တာတရား ထားသူတို့သည် ကွယ်လွန်ခါနီး၊ ဘဝပြောင်း ခါနီးအချိန်တွင် အကြီးအကျယ် နာကျင်ကိုက်ခဲမှု မရှိဘဲ သေခြင်း တရားကို အေးချမ်းစွာ ရင်ဆိုင်နိုင်၏။ သေခါနီးအချိန်တွင် သတိ လက်လွတ်မှု မရှိဘဲ မိမိ၏ စိတ်ကို မိမိ ကောင်းစွာ စောင့်ထိန်း နိုင်၏။ မေတ္တာတရား ကင်းသောသူတို့သည် ကွယ်လွန်ခါနီးတွင် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်များဖိစီး၍ ကယောင်ကတမ်း သတိကင်းမဲ့စွာသေရတတ်၏။ မေတ္တာရှင်တို့သည် တွေဝေမိန်းမော မှုမရှိ၊ သတိကောင်းစွာဖြင့် သေရသောကြောင့် ကောင်းသော သုဂတိဘုံသို့သာ လားတတ်၏။

## အရဟတ္တဖိုလ်မရသေးမီ ဗြဟ္မာပြည်၌ ဖြစ်ရခြင်း

မေတ္တာပွားသူတို့သည် မေတ္တာဈာန်အဆင့်အထိ ရောက်ကာ ဗြဟ္မာဖြစ်နိုင်၏။ ထိုမျှသာမက ထိုထက် ပိုမို သာလွန်ကာ မေတ္တာတရား ပွားများသူတို့သည် အရဟတ္တဖိုလ်အဆင့် အထိပင် ဆိုက်ရောက်ကာ ဤဘဝ၌ပင် ဘဝဇာတ်သိမ်း၍ နိဗ္ဗာန်သို့ စံဝင်နိုင်၏။

## ထို့ကြောင့် လက်တွေ့ ဆောင်ရွက်ရန်

၁။ ယနေ့မှစ၍ ငါသည် ငါ၏ အကျိုးစီးပွားကို ပျက်စီးအောင် ဆောင်ရွက်သူ တစ်ဦးနှင့် ကြုံတွေ့ပါက မေတ္တာတရားဖြင့် တုံ့ပြန်မည်။

၂။ ယနေ့မှစ၍ ငါသည် ----------------------------
------------------------------------------------
------------------------------------------------
-----------------------------------------------။

ထမင်းအိုးကြီး တစ်ရာ၊ ဟင်းအိုးကြီး တစ်ရာဖြင့် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကျွေးမွေးလှူဒါန်းရခြင်းထက် မေတ္တာစိတ်ကို နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် နွားနို့ တစ်ခါညှစ်စာလောက်မျှ ပွားများသူသည် ပို၍ အကျိုးတရားကြီးမား၏။

နိဒါနသံယုတ်

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်
ချက်ကာ ထမင်း၊ ကျွေးမွေးခြင်းထက်
မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ
ကြိမ်သုံးခါမျှ မေတ္တာပွားများ
ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ မိန့်ခွန်းတည်း။

မဟာစည် ဆရာတော်

## ၂၈။ မေတ္တာတရား၏ အခြေခံကျင့်ဝတ် ၁၅ ပါး

မေတ္တာတရား ပွားများမည့်သူများသည် အခြေခံ ကျင့်ဝတ် ၁၅ ပါးကို လက်ကိုင်ထားကြရမည်ဖြစ်၏။ မေတ္တာတရားအား ပွားများရာတွင် အလွယ်နှင့်ပြုလုပ်၍မရ။ မေတ္တာတရား မပွားများမီ မေတ္တာတရား ပွားများရေးအတွက် လိုအပ်သော အခြေခံများကို ပြည့်စုံအောင်ကျင့်သုံးကြရမည်ဖြစ်၏။ ယင်းအခြေခံ ကျင့်ဝတ်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

### စွမ်းဆောင်နိုင်ခြင်း

မေတ္တာတရား ပွားများမည့်သူသည် သီလ၊ သမာဓိ၊ ပညာ အကျင့်များကိုကျင့်ရန် စွမ်းဆောင်နိုင်သူဖြစ်ဖို့ လို၏။ သဒ္ဓါတရား ထက်သန်ရန်လို၏။ လုံ့လ၊ ဝီရိယ ပြင်းထန်၍ ခွဲရှိမှသာ မေတ္တာ ပွားများနိုင်၏။

## ဖြောင့်မတ်ခြင်း

မေတ္တာတရား ပွားများရန် ရိုးသားဖြောင့်မတ်ဖို့လို၏။ မရှိသောဂုဏ်ကို ရှိဟန်ပြသူ၊ လိမ်လည်ပြောဆိုတတ်သူ၊ ကောက်ကျစ်စဉ်းလဲတတ်သူတို့သည် မေတ္တာတရား ပွားများနိုင်သူများမဟုတ်။ မေတ္တာတရား ပွားလိုပါက သာဓုယျခေါ် လှည့်စားမှုကင်းရမည်။ ကာယကံနှင့် ဝစီကံ ဖြောင့်မတ်ရမည်ဖြစ်၏။ သို့မဟုတ်ပါက မေတ္တာတရား ပွားများနိုင်မည်မဟုတ်ပါ။

## အလွန်ဖြောင့်မတ်ခြင်း

မေတ္တာတရား ပွားများလိုပါက ထိုသူသည် မိမိအပြစ်ကို ဖုံးကွယ်၍ အပြစ်ကင်းဟန်ဆောင်မှု (မာယာ) ကင်းရမည် ဖြစ်၏။ မနောကံ ဖြောင့်မတ်ရမည်ဖြစ်၏။ သူတစ်ပါးအား လိမ်လည်လှည့်ဖျားရန် စိတ်ဖြင့်ပင် မကြံစည်သူ ဖြစ်ရမည်ဖြစ်၏။ ထိုသို့သော သူမှသာ မေတ္တာတရား ပွားများနိုင်ပါ၏။

## ဆိုဆုံးမလွယ်ခြင်း

မေတ္တာတရားပွားများလိုသည့် အခြေခံအားဖြင့် ဆရာသမား၊ မိဘအကြီးအကဲတို့၏ ဆုံးမမှု၊ ပြောဆိုမှုကို သိလွယ် နားလည်လွယ် တစ်သဝေမတိမ်း လိုက်နာလွယ်သူဖြစ်ရန်လို၏။ ရာဟုလာ

သည် အသက် (၇) နှစ်အရွယ် ရှင်သာမဏေဘဝ၌ပင် သဲပုံကို ပုံ၍ ထိုသဲပုံရှိ သဲလုံးအရေအတွက်နှင့်အမျှ အဆုံးအမများရပါစေဟု ဆုတောင်းတတ်၏။

## နူးညံ့ခြင်း

မေတ္တာ ပွားများမည့်သူသည် နူးညံ့ သိမ်မွေ့သော စိတ်သဘောထားရှိရန် လို၏။ အဆင်မပြေသော စိတ်သဘောထား၊ ဗီလာကပ်ဖွဲ့လုပ်သော စိတ်သဘောထားများမရှိဘဲ ရွှေကို လိုသလို နန်းဆွဲ၍ ရသကဲ့သို့လည်းကောင်း၊ အပြားခတ်၍ ရသကဲ့သို့ လည်းကောင်း မေတ္တာထားသူ၏ စိတ်သည် နူးညံ့ သိမ်မွေ့မှု ရှိရမည်ဖြစ်၏။

## မာနအလွန်မကြီးခြင်း

မေတ္တာတရား ပွားများလိုပါက အလွန်အမင်းကြီး မာနမကြီး ရန် လိုအပ်၏။ ဘယ်သူကိုမျှ အဖက်မတန်ဟု ယူဆကာ အလွန် အကျွံ မာနကြီးမှုမျိုးကို ပယ်နိုင်ရမည်ဖြစ်၏။ ဆွေမျိုးဂုဏ်၊ ပညာ ဂုဏ်၊ အာဏာဂုဏ်တို့ကို အမှီပြု၍ မောက်မာစွာ ပြောဆိုမှုများ ကင်းရမည်ဖြစ်၏။ ဘဝင်မြင့်မှု၊ မာနထောင်လွှားမှုတို့ကို ပယ်ရမည် ဖြစ်၏။

ရောင့်ရဲလွယ်ခြင်း

မေတ္တာရှင်သည် ရောင့်ရဲလွယ်ရမည့်ပြင် တင်းတိမ်လွယ်ရမည်ဖြစ်၏။ လောဘသဏ္ဍာရ မကြီးဘဲ ရောင့်ရဲ တင်းတိမ်မှုကို အမြတ်ဆုံး အရာအဖြစ် ထားရှိနိုင်သူဖြစ်ရန်လို၏။ ရသမျှ၊ တန်သမျှနှင့် ရောင့်ရဲမှုရှိရန် လို၏။

မွေးမြူ ပြုစုရန်လွယ်ခြင်း

မေတ္တာတရား ပွားများလိုသူသည် အစားအသောက်၊ အနေအထိုင် ဇီဇာမကြောင်ဘဲ ကျေနပ်နိုင်သူဖြစ်ရန်လို၏။

အမှုကိစ္စ နည်းခြင်း

အမှုကိစ္စ ပွားများခြင်း၊ အမှုကိစ္စ ထူပြောခြင်းတို့မရှိဘဲ မိမိရည်မှန်းသော အမှုကိစ္စကိုသာ စူးစိုက် လုပ်ဆောင်တတ်သော စိတ်ရှိရန် လိုအပ်၏။

လွယ်ကူစွာ ရွှေ့ပြောင်းသွားလာနိုင်ခြင်း

အသုံးအဆောင်ပစ္စည်းများကို အလွယ် ရွှေ့ပြောင်းနိုင်သူဖြစ်ရန်လို၏။ ဆန္ဒရှိပါက ငှက်ကဲ့သို့ ဝန်ထုပ်ဝန်ပိုးမရှိဘဲ အလွယ်ပျံနိုင် သွားနိုင်သူဖြစ်ရန်လို၏။

## ဣန္ဒြေငြိမ်သက်ခြင်း

မေတ္တာပွားများလိုသူသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ဣန္ဒြေငါးပါးကို တည်ငြိမ်အောင် ထိန်းထားနိုင်ရမည် ဖြစ်၏။ ဣန္ဒြေနှင့် သိက္ခာကို တည်ငြိမ်စွာ စောင့်ထိန်းရမည် ဖြစ်၏။

## ဆင်ခြင်ဉာဏ် ရင့်ကျက်ခြင်း

မေတ္တာတရား ပွားများမည့် ပုဂ္ဂိုလ်သည် ကိစ္စအားလုံးကို ဆင်ခြင် တိုင်းထွာတတ်သော အသိဉာဏ် ရင့်သန်သူ ဖြစ်ရန် လိုအပ်ပါ၏။

## ကြမ်းတမ်း ရိုင်းပျမှု ကင်းရမည်

မေတ္တာတရားသည် နူးညံ့သောအရာဖြစ်၏။ မေတ္တာတရား လက်ကိုင်ထားလိုသူသည် ကြမ်းတမ်း ရိုင်းပျမှု ကင်းရန်လို၏။ ကိုယ် နှုတ် စိတ် ရိုင်းပျမှုမရှိဘဲ ယဉ်ကျေးသိမ်မွေ့ရမည်ဖြစ်၏။ ပရိသတ်အလယ်တွင် ဒူးထောင်ပေါင်ကားမထိုင်ဘဲ ပိရိသေသပ်စွာ နေတတ်ရမည်ဖြစ်၏။ ယဉ်ကျေးသော အပြုအမူ အနေအထိုင် ရှိရမည်ဖြစ်၏။

### တွယ်တာမှုကင်းခြင်း

တစ်စုံတစ်ဦးအပေါ် တွယ်တာနေမှု၊ သံယောဇဉ်ကြီးမားနေမှု လျော့နည်းရန်လို၏။ တစ်စုံတစ်ယောက်အပေါ် တွယ်တာမှု ကြီးနေပါက အများအပေါ် တွယ်တာရန် အားနည်းနေမည်ဖြစ်၏။

### အပြစ်ကင်းစင်ရမည်

မေတ္တာရှင်သည် မည်မျှ သေးငယ်သော အပြစ်ကိုမျှပင် မပြုလုပ်ဘဲ အပြစ်ကင်းစင်သူ ဖြစ်ရန် လိုအပ်ပါ၏။

### ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် မေတ္တာတရား ထားရှိရန် အခြေခံ စိတ်ဓာတ်များကို စတင် လေ့ကျင့်ယူမည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------

--------------------------------------------

--------------------------------------------

------------------------------------------။

> တဏှာချစ် ရာဂသည် မေတ္တာအတုဖြစ်၍ မေတ္တာတရား၏ အနီးကပ်ရန်သူဖြစ်ပြီး ဒေါသသည် မေတ္တာတရား၏ အဝေးရန်သူဖြစ်၏။

## ၂၁။ ကရုဏာတရား

ထိပ်တန်းသို့ တက်လိုသူတိုင်းသည် စိတ်ကောင်း စိတ်မြတ်ကို ထားရမည်ဖြစ်၏။ အကောင်းမြင်ဝါဒ ရှိကြရမည်ဖြစ်၏။ အဆိုးမြင်ဝါဒ မရှိကြရ။ ကောင်းသောစိတ်များလည်း ပွားများနေကြရမည်ဖြစ်၏။ ဆိုးသောစိတ်များ ကင်းစင်အောင် ကြံစည်နေကြရမည် ဖြစ်ပါ၏။ ကောင်းသည့် စိတ်များထဲတွင် ကရုဏာတရားသည် ကောင်းသော တရားဖြစ်၏။

ကရုဏာဆိုသည်မှာ ဆင်းရဲဒုက္ခရောက်နေသူတို့အား ဆင်းရဲတွင်းမှ လွတ်မြောက်စေလိုသောသဘော၊ ညှဉ်းဆဲနှိပ်စက်ခံနေရသူအား ယင်း ခံနေရမှုမှ လွတ်ကင်းစေလိုသော သဘောသည် ကရုဏာဖြစ်၏။

ကရုဏာတရားတွင် အနီးရန်သူနှင့် အဝေးရန်သူတို့ ရှိ၏။ မိမိနှင့် စပ်ဆိုင်သောသူ၊ မိမိနှင့် မကင်းသောသူတို့ အတိဒုက္ခရောက်ပါက ပူပြင်းတောက်လောင်ကာ ကရုဏာ ပိုမို လွန်ကဲမှု

သည် စိတ်မချမ်းသာဖြစ်မှု ဒေါမနဿကို ဖြစ်စေတတ်၍ ယင်းသည် ကရုဏာတရား၏ အနီးကပ်ရန်သူဖြစ်၏။ တစ်ဖက်သားအား သနားရာမှတစ်ဆင့် ပွားများလာသော ဒေါသသည် ကရုဏာတရား၏ အဝေးရန်သူဖြစ်၏။ သားသမီးတို့အား ကြင်နာသနားရာမှ ဆရာသမား မိဘတို့သည် ဒေါသထွက်သည်ကို ကရုဏာဒေါသော ကရုဏာဒေါသဟု ခေါ်၏။ ဒေါသအငွေ့အသက်ပါသော ကရုဏာသည် ကရုဏာအစစ်မဟုတ်၊ အတုဖြစ်၏။ ကရုဏာအစစ်ကို တိုးပွားဆောင်ရွက်ရန် လိုအပ်ပါ၏။

ထို့ကြောင့် လက်တွေ့ လုပ်ဆောင်ရန်

၁။ ယနေ့မှစ၍ ငါသည် ကရုဏာစစ် ကရုဏာမှန်ကို ဖော်ထုတ်ကာ ပွားများနေပါမည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------

--------------------------------------------

--------------------------------------------

--------------------------------------------။

> ဆင်းရဲဒုက္ခရောက်နေသော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့မြင်လျှင် သနား ကရုဏာသက်သကဲ့သို့ အလုံးစုံသော သတ္တဝါတို့ကို သနားခြင်း ကရုဏာကို ဖြန့်ထားအပ်၏။
>
> ဝိဘင်း ပါဠိတော်

## ၂၂။ မုဒိတာ

စိတ်ကောင်း စိတ်မြတ်တို့တွင် မုဒိတာစိတ်လည်း ပါဝင်၏။ မုဒိတာ၏သဘောမှာ ဝမ်းမြောက်ခြင်းဖြစ်၏။ မုဒိတာ၏ ပင်ကို သဘောသည် ဝမ်းမြောက်တတ်သောကြောင့် မုဒိတာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ဝမ်းမြောက်တတ်၏။

ချမ်းသာသုခနှင့် ပြည့်စုံသောသူအပေါ် ဝမ်းမြောက်ခြင်းသည် မုဒိတာ၏ သဘာဝဖြစ်ပါ၏။အဘက်ဘက်မှ ပြည့်စုံနေသူကို မြင်ရပါက မငြူစူသည့်သဘောဖြစ်၏။ ကျေနပ်သည့် သဘောဖြစ်ပါ၏။ သူတစ်ပါး စည်းစိမ်ချမ်းသာ၌ပျော်မွေ့နေသည်ကို မရှုဆိတ်သော သဘော၊ မနာလိုသောသဘော မရှိရုံသာမက ထိုအခြင်းအရာကို ဝမ်းမြောက် အားရရှိခြင်းဖြစ်ပါ၏။ လူတို့သည် ဝမ်းမြောက် ဝမ်းသာမှုများ ရှိတတ်ကြသော်လည်း မုဒိတာစိတ်ဖြင့် ဝမ်း

မြောက်ဝမ်းသာဖြစ်ဖို့ရန်ကား မလွယ်ကူပါ။ ထိပ်တန်းသို့ တက်လိုသူများသည် စိတ်ကောင်းစိတ်မြတ်များကို ပွားများနိုင်ကြရမည်ဖြစ်၏။

မုဒိတာတရား ပွားများရန်ကိစ္စသည် အတ္တရှိနေသောလူသားအတွက် အတော်ခက်ခဲသောကိစ္စတစ်ရပ်ဖြစ်၏။ သူတစ်ပါးကြီးပွားနေသည်ကိုတွေ့ရသောအခါ ဝမ်းသာစရာကြီးပဲဟု အလွယ်ပြော၍ရသော်လည်း အမှန်တကယ် ဝမ်းမြောက်ဝမ်းသာဖြစ်ရန်အတွက်ကားမလွယ်။ လူ၏ အတ္တစိတ်သည် သူတစ်ပါး ကြီးပွားချမ်းသာပါကမနာလို မရှုဆိတ်ဖြစ်တတ်၏။ ထို့ကြောင့် မနာလိုမှု၊ မရှုဆိတ်မှုကိုဖျောက်၍ သူတို့ ကြိုးစားလို့ကြီးပွားတာ၊ သူ့မှာ ဝီရိယရှိလို့ ပညာတတ်တာ၊ သူက ရိုးသားလို့ လူချစ် လူခင်ပေါတာဟု အမှန်ကိုတိုးထွင်း သိမြင်ကာ မနာလိုစိတ်ကို ဖျောက်၍ မုဒိတာတရားပွားများနိုင်ရန် လိုအပ်ပါ၏။

မုဒိတာတရားတွင် အနီးကပ် ရန်သူနှင့် အဝေးမှ ရန်သူတို့ရှိ၏။ မိမိ၏ လုပ်ဖော်ကိုင်ဖက်တစ်ဦး ကြီးပွား ချမ်းသာလာသည်ကို ဒီလူ သူ့အရည်အချင်းနှင့်မဟုတ်ဘဲ သူများနှင့်ကပ်ပြီး ကြီးပွားလာတာပါဟု ကြီးပွားလာသူကိုမကောင်းပြော၍ ဝမ်းသာခြင်းသည်အကုသိုလ် သောမနစိတ်ဖြစ်၏။ ယင်းစိတ်သည် မုဒိတာ၏အနီးကပ်ရန်သူဖြစ်၏။ မုဒိတာတရား၏ အဝေးရန်သူကား သူတစ်ပါး ကြီးပွားချမ်းသာသွားသည်ကို မကြည့်ရက်နိုင်ဘဲ အိပ်မပျော် စားမဝင်

ဖြစ်ကာ ရန်လုပ်ခြင်း၊ ရန်ပြုခြင်း၊ ငြူစူခြင်းတို့ဖြစ်၏။ ယင်းစိတ်သဘောထားကို အရတိဟုခေါ်၏။ အရတိသည် မုဒိတာ၏ အဝေးရန်သူဖြစ်၏။

မုဒိတာတရား ပွားများလိုသူတို့သည် အကုသိုလ် သောမနစိတ်ကိုသော်လည်းကောင်း၊ အရတိ သဘောထားကိုသော်လည်းကောင်း ဖယ်ရှား၍ မုဒိတာလမ်းကြောင်းကို တည့်မတ်မှန်ကန်စွာ လျှောက်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါ၏။ ထိုသို့ လျှောက်သော ခရီးလမ်းသည် ထိပ်တန်းသို့ ရောက်မည့်လမ်းဖြစ်၏။

ထို့ကြောင့် လက်တွေ့လုပ်ဆောင်ရန်

၁။ ငါသည် ချမ်းသာသုခနှင့် ပြည့်စုံသူတစ်ဦးအား တွေ့ရှိပါက ယင်း ရရှိထားသော စည်းစိမ်ချမ်းသာမှ မရွေ့၊ မလျော့ဘဲ တည်မြဲပါစေဟု ရွတ်ကာ အမှန်တကယ် ဝမ်းသာ ကြည်နူးမှုကို တည်ဆောက်မည်။

၂။ ယနေ့မှစ၍ ငါသည် ------------------------

------------------------------------------------

------------------------------------------------

----------။

ချစ်ရ မြတ်နိုးရသော ပုဂ္ဂိုလ်တစ်ယောက် တွေ့ရ မြင်ရလျှင် ဝမ်းမြောက်သကဲ့သို့ အလုံးစုံသော သတ္တဝါတို့ အပေါ် ဝမ်းမြောက်ခြင်း မုဒိတာ တရားကို ဖြန့်ဝေ အပ်၏။

ဝိဘင်းပါဠိတော်

## ၂၃။ ဥပေက္ခာတရား

ဥပေက္ခာတရားဟူသော အဓိပ္ပာယ်မှာ ချစ်ခြင်း၊ မုန်းခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း အစွန်းများကင်း၍ ငြိမ်သက် နူးညံ့ သိမ်မွေ့ခြင်းဖြစ်ပါ၏။ အချစ်အမုန်းမရှိဘဲ လျစ်လျူရှုနိုင်ခြင်းဖြစ်၏။ ဥပေက္ခာ နှစ်မျိုးရှိ၏။ တစ်မျိုးမှာ အကုသိုလ် ဥပေက္ခာဖြစ်၍ တစ်မျိုးမှာ ကုသိုလ် ဥပေက္ခာဖြစ်၏။

အကုသိုလ် ဥပေက္ခာသည် မသိမှု၊ နားမလည်မှုနှင့်ယှဉ်၏။ ဥပမာ တောတွင်းမှ သမင်သည် ပတ္တမြားကို တွေ့သော်လည်း တန်ဖိုးကို မသိ၍ လိုချင်မှု၊ တပ်မက်မှု၊ ဝမ်းမြောက်မှု၊ ဝမ်းသာမှု၊ စိုးရိမ်မှု၊ ဝမ်းနည်းမှုမရှိဘဲ လျစ်လျူရှုခြင်းသည် အကုသိုလ် ဥပေက္ခာဖြစ်၏။

ကုသိုလ် ဥပေက္ခာမှာ ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်များ ပြုလုပ်ကြရာတွင်ဖြစ်လေ့ရှိသော ဥပေက္ခာတရားများဖြစ်၏။ ဥပမာ မျက်စိ၊ နား စသော ဒွါရခြောက်ပါးတို့၌ လိုလားနှစ်သက်အပ်သော

ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံကိုမဖြစ်ဘဲ ဝမ်းမြောက်ဝမ်းသာ စိုးရိမ်ပူဆွေးခြင်း တို့မရှိဘဲ စိတ်ကို အလယ်အလတ်ထားနိုင်ခြင်းဖြစ်၏။

ဥပေက္ခာတရားသည် ပုထုဇဉ်သဘာဝဖြင့် ထားရှိရန် ခက်ခဲ နိုင်ကြမည်ဖြစ်၏။ ထို့ကြောင့် လူ့ဘဝတွင်၊ မတော်တဆ တွေ့ကြုံ လာရသော မိမိ စီးပွားရေးလုပ်ငန်းတွင် မလွဲမရှောင်သာ တွေ့လာ ရသော ချမ်းသာမှု၊ ဆင်းရဲမှု၊ အောင်မြင်မှု၊ ကျဆုံးမှုတို့ကို အလွန် အမင်း ဝမ်းမြောက်ခြင်းလည်းမရှိ၊ အလွန်အမင်း စိတ်ဆင်းရဲခြင်း လည်းမဖြစ်ဘဲ အတော်အတန် လျစ်လျူရှုနိုင်၍ နူးညံ့ သိမ်မွေ့စွာ တည်တည်ငြိမ်ငြိမ်ဖြင့် မှန်ကန်သော ဆုံးဖြတ်မှုများကို ပေးနိုင်ရန် လိုအပ်ပါ၏။ ဥပေက္ခာသဘောကား အလွန်မှကျယ်ဝန်း၍ ဘာသာ တရားမှ ဆိုဆုံးမသော ဥပေက္ခာတရားများကို အဆုံးစွန် လိုက်နာမှု မရှိသည့်တိုင် လောကဓံတရားကို ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်၍ လောကဓံ တရားနှင့်ကြုံလာတိုင်း အေးချမ်းတည်ကြည်စွာ အဆုံးအဖြတ်များ ပေးနိုင်ရေးအတွက် ကြိုးစားရန်ဖြစ်ပါ၏။ ယခု ကျွန်တော်တင်ပြ လိုသော ဥပေက္ခာမှာ အရပ်ထဲတွင် ဥပေက္ခာဟုဆိုပါက ဒီကိစ္စ ကမ္ဘာသကာပဲဆိုသည့်သဘောမျိုးကို ဆိုလိုခြင်းမဟုတ်ဘဲ စီးပွားရေး လုပ်ငန်း၊ လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်ရာ၌ ဘဝခရီးကို လျှောက်လှမ်းရာတွင် တည်ကြည်မှု၊ တည်ငြိမ်မှုကိုတည်ဆောက်ရန် ဖြစ်ပါ၏။ ဤသို့သော စိတ်အတော်အတန်ရှိပါက လုံလောက်သည် ဟုဆိုနိုင်ပါ၏။

# နိဒါန်း

ကျွန်တော်သည် ထိပ်တန်းသို့ တက်လိုသော်စာစဉ်(၂)အဖြစ် ပွားများရမည့် မေတ္တာတရားကို ရေးသားရာတွင် အဓိကအားဖြင့် ကြီးပွားတိုးတက်၍ ထိပ်တန်းသို့ ရောက်ရှိလိုပါက မေတ္တာတရား လက်ကိုင်ထားရမည်ဟူသော အချက်ကို တင်ပြခြင်း ဖြစ်ပါ၏။ တစ်နည်းဆိုရသော် အကောင်းမြင်ခြင်း၊ အပြုသဘောဖြင့် ချဉ်း ကပ်ခြင်း၊ ကောင်းမြတ်သော အလားအလာများကို စုစည်းလုပ် ဆောင်ရန် တင်ပြခြင်းဖြစ်ပါ၏။

မကောင်းမြင်ခြင်း၊ အဆိုးမြင်ခြင်း၊ ပူပန်သောကရောက်ခြင်း စသောကိစ္စများသည် လုပ်ငန်း ကိစ္စရပ်များတွင် မကောင်းသော ရလဒ်များကိုဖြစ်ပေါ်စေ၍ အောင်မြင်မှုအတွက် အခက်အခဲများကို ဖြစ်စေပါ၏။

ကျွန်တော်သည် ပွားများရမည့် မေတ္တာတရား အယူအဆကို ၁၉၇၄ ခုနှစ်က See you at the Top ဟူသော စာအုပ်ကို ရေးသားသူ ဇစ်ဇဂလာ ZIG ZIGLAR ၏ သဘောထားများကို

အခြေခံ၍ ဗုဒ္ဓဘာသာဆိုင်ရာ အယူအဆများနှင့် ဖြည့်စွက်ကာ အလေးအနက်တင်ပြခြင်းဖြစ်ပါသည်။ မေတ္တာတရား၊ ချစ်ခြင်းမေတ္တာ မပါဝင်လျှင် ရေရှည်တွင် လုပ်ငန်းရပ်များ အောင်မြင်ရန် ခဲယဉ်းလှပါ၏။ ရေရှည်တည်တံ့ခိုင်မြဲ၍ ထာဝစဉ်အမြင့်၌ တည်ရှိစေရေးအတွက် အထက်သို့ တက်လှမ်းရာတွင် မေတ္တာတရားပွားများဖို့ လိုအပ်ပါ၏။ သို့ပါ၍ ဤစာအုပ်ပါ အကြောင်းအရာများသည် အကောင်းကို ရှာဖွေခြင်း၊ မိတ်ဆွေဖြစ်ခြင်း၊ မျှဝေခံစားခြင်း၊ ကျေးဇူးတရားကိုသိခြင်း၊ နှိမ့်ချခြင်း၊ ကြင်နာခြင်းစသော စိတ်ကောင်းစိတ်မြတ်များကို ပွားများပါက ထိပ်တန်းတွင် အစဉ်ရှိမည်ဖြစ်ကြောင်း တင်ပြရခြင်း ဖြစ်ပါ၏။

အကြောင်းအရာ တစ်ခု တင်ပြပြီးတိုင်း ဤစာအုပ်တွင် ယနေ့မှစ၍ ချက်ချင်း ဆုံးဖြတ် လုပ်ဆောင်ရမည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ဖော်ပြ ထားပါ၏။ ထို့နောက် နံပါတ် (၂) အဖြစ် ယနေ့မှစ၍ ငါသည် ------ဟု အစချီကာ စာဖတ်သူကိုယ်တိုင် မိမိလက်ရေးဖြင့် ရေးသား၍ လက်တွေ့ ကျင့်သုံးရန်အတွက်လည်း စီစဉ်ပေးထားပါ၏။ ထို့ကြောင့် ဤစာအုပ် အကြောင်းအရာများကို တစ်နေ့တွင်တစ်ခုသာဖတ်ပါ။ ထိုတစ်ခုကိုဖတ်ပြီးနောက် လက်တွေ့ ကျင့်သုံးလိုက်နိုင်ပါက သင့်အား မကြာမီ ထိပ်ဆုံးတွင် တွေ့ရမည် ဖြစ်ပါသည်။

ချစ်စဝင်း

# ချစ်စံဝင်း

## ထိပ်တန်းသို့တက်လိုသော်စာစဉ်အမှတ်(၁)

# ထားရှိရမည့် သဘောထား

☐ ထားရှိရမည့်သဘောထား စာအုပ်တွင်
လုပ်ငန်းအရပ်ရပ်၌ လူတိုင်းထားရှိအပ်သော
ATTITUDE အကြောင်းကို
ရှင်းလင်းစွာ ဖော်ပြထားပါသည်။

☐ ပွားများရမည့်မေတ္တာတရားစာအုပ်ကို
ဖတ်ရှုပြီးပါက စာစဉ် (၁) ဖြစ်သော
ထားရှိရမည့်သဘောထားစာအုပ်ကို
ပြန်လည် ရှာဖွေ ဖတ်ရှုစေလိုပါသည်။

(သို့မဟုတ်) အရှေ့ဖျားကပဥ္စမကျား(၁၉၉၃)၊ ၃၀။ထိုင်းနိုင်ငံရှိမြန်မာဘုန်းတော်ကြီးကျောင်းများ(၁၉၉၃)၊ ၃၁။ဇန်ကောက်မှ မလေးကိုဖြတ်၍ စင်ကာပူသို့(၁၉၉၃)၊ ၃၂။ပီနန်ဆရာတော်နှင့်ပီနန်ကျောင်း(၁၉၉၃)၊ ၃၃။ဂါစီယာသို့သဝဏ်လွှာ(၁၉၉၃)၊ ၃၄။ကမ္ဘာ့သာသနာပြုဆရာတော်ဦးပညာဝံသ(၁၉၉၃)၊ ၃၅။ပူနွေးဆူဝေကမ္ဘာမြေ၊ ၃၆။ရက်ပြုံး(၁၉၉၄)၊ ၃၇။ထားရှိရမည့်သဘောထား(၁၉၉၄)။



မှားများရမညို

# မေတ္တာတရား

ချစ်စံဝင်း